# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၁)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (17-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၄၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အနီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀




စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၇ ရက်
အယ်ဒီတာ့အာဘော်

# ဂုဏ်ပြုသွေးအလှူ မွန်မြတ်သည့်ဒါန

၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စုပေါင်းသွေးလှူဒါန်းပွဲများကို ကျင်းပလျက်ရှိပြီး စုပေါင်းသွေးလှူဒါန်းပွဲများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ လာရောက်လှူဒါန်းလျက်ရှိသည့် သတင်းများကို နေ့စဉ်သတင်းစာများတွင် မြင်တွေ့ရသည်မှာ အလွန်မွန်မြတ်သော ဒါနအလှူတစ်ခုကိုတွေ့မြင်ရ၍ မုဒိတာပွားမိပါသည်။

အသက်ရှင်သန်နိုင်ရေးအတွက် သန့်စင်သောသွေးလိုအပ်နေသူ လူနာများစွာရှိပြီး သွေးသွင်းရန်လိုအပ်သည့်လူနာကို သွေးမှတစ်ပါးအခြားမည်သည့်အရာနှင့်မျှ အစားထိုးကုသပေး၍မရသဖြင့် လူနာများအတွက် အသက်ကယ်အလှူဖြစ်သော သွေးလှူခြင်းကို မွန်မြတ်သော ဇီဝိတဒါနအဖြစ်ခံယူကာ စဉ်ဆက်မပြတ် လှူဒါန်းကြသူများလည်းများစွာရှိသည်။ မိမိပိုင်ဆိုင်သော ပစ္စည်းဥစ္စာများထက် မိမိ၏ ခန္ဓာကိုယ်ရှိသွေးကို လှူဒါန်းရခြင်းဖြစ်သောကြောင့် သွေးလှူဒါန်းခြင်းသည် အလွန်မွန်မြတ်သော စွန့်လွှတ်လှူဒါန်းမှုတစ်ရပ်ဖြစ်သည်။

လူနာများသွေးလိုအပ်ချိန်တွင် အချိန်မဆိုင်းထုတ်ပေးနိုင်ရန်အတွက် သွေးလှူဘဏ်များတွင် စေတနာသွေးလှူရှင်များလှူဒါန်းသည့် သန့်စင်သောသွေးများလိုအပ်လျက်ရှိသည်။ စေတနာသွေးလှူရှင်များသည် ပုံမှန်သွေးလှူရှင်များဖြစ်ကြပြီး ကျန်းမာရေးနှင့် သွေးကိုပုံမှန်စစ်ဆေးမှု ခံယူနေကြရသူများဖြစ်သဖြင့် ဘေးကင်းလုံခြုံသော၊ သန့်စင်သောသွေးကို စေတနာသွေးလှူရှင်များထံမှသာ အဓိကရရှိနိုင်မည်ဖြစ်သည်။ မိမိဆန္ဒအလျောက် သွေးပုံမှန်လှူဒါန်းလိုကြသည့် စေတနာသွေးလှူရှင်များအတွက် မြန်မာနိုင်ငံတွင် အမျိုးသားသွေးဌာနတစ်ခုရှိပြီး သွေးလှူဘဏ်များအနေဖြင့် မန္တလေး၊ မကွေး၊ မော်လမြိုင်၊ မြစ်ကြီးနား၊ တောင်ကြီး၊ ပုသိမ်၊ နေပြည်တော်တို့ရှိ ပြည်သူ့ဆေးရုံကြီးများတွင် တွဲဖက်ထားသည့် သွေးလှူဘဏ်ခုနစ်ခုရှိသည်။ ထို့ပြင် ခုတင် ၂၀၀ နှင့် ခုတင် ၁၀၀ ဆံ့ ဆေးရုံများတွင်လည်း ဓာတ်ခွဲခန်းနှင့် တွဲဖက်ထားသည့် သွေးဘဏ်များတိုးချဲ့ဖွဲ့စည်းထားပြီး Blood Management System (BSM) Software ကို တပ်ဆင်အသုံးပြုလျက်ရှိသည်။

အသက် ၁၈ နှစ်မှ ၅၅ နှစ် အတွင်း၊ အမျိုးသား ပေါင် ၁၁၀ အထက်၊ အမျိုးသမီး ပေါင် ၁၀၀ အထက် ကိုယ်အလေးချိန်ရှိသူများ၊ ဘီပိုး၊ စီပိုး၊ HIV၊ ကာလသား ရောဂါ၊ ငှက်ဖျားရောဂါစသည့် ကူးစက်ရောဂါကင်းစင်သူများမှာ သွေးလှူဒါန်းနိုင်သူများဖြစ်ပြီး သွေးလှူခါနီးတွင်လည်း သွေးပေါင်ချိန်ပုံမှန်ဖြစ်နေရမည်ဖြစ်သည်။ စေတနာသွေးလှူရှင်တစ်ဦးလှူဒါန်းလိုက်သည့် တစ်ကြိမ်စာသွေးအလှူ(ဒသမ ၄၅ လီတာ) သည် ပမာဏအားဖြင့် ရေသန့်ဘူးတစ်ဝက်ခန့်သာရှိသော်လည်း လူနာသုံးဦးကို ကူညီပေးနိုင်သည်။ တစ်ကြိမ်သွေးလှူပြီးပါက လေးလလျှင်တစ်ကြိမ် ဆက်လက်လှူဒါန်းသွားနိုင်သကဲ့သို့ သွေးလှူချိန်ကြားကာလမှာ တစ်ကြိမ်နှင့်တစ်ကြိမ် အနည်းဆုံးနှစ်လရှိမှသာ သွေးလှူရှင်၏ နောက်ဆက်တွဲကျန်းမာရေးအတွက် စိတ်ချရမည်ဖြစ်သည်။

သို့ဖြစ်ရာ သွေးလှူဒါန်းခြင်းသည် ဂုဏ်ယူဖွယ်ကောင်းသော အမွန်မြတ်ဆုံး အလှူဒါနတစ်ခုပင်ဖြစ်သည်။ မိမိ၏သွေးကိုလှူဒါန်းခြင်းသည် ယခုလက်ရှိဘဝတွင် ကောင်းကျိုးများခံစားနိုင်မည်သာမက နောင်သံသရာတွင်ပါ သွေးလှူဒါန်းခြင်း၏ကောင်းကျိုးများကို ခံစားရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လာရောက်လှူဒါန်းကြသော သွေးလှူရှင်အပေါင်းတို့၏ မွန်မြတ်သောအလှူဒါနကို ချီးကျူးဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပါသည်။

# ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၁၂၅၁၆ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**ကန့်ဘလူ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၂၅၁၆ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၁၉၃၁ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ တတိယပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၂၅၁၆ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၂ ဒသမ ၃၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မြေပဲ ၅၁၅၉၉ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၅၁၉၃၁ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိ နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၂၅၁၆ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်တွင် ပီလောပီနံဥများအရောင်းအဝယ် ကောင်းမွန်နေ



**ဇလွန် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင်ဒေသထွက် ပီလောပီနံဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ်လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်ပြီး ယနေ့ထိ ပီလောပီနံဥများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသဈေးကွက်သို့ ပီလောပီနံဥများ စတင်ဝင်ရောက်နေပြီး ပီလောပီနံဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ပီလောပီနံတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခုလို ပီလောပီနံဥတွေ အရောင်းအဝယ် ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ ဈေးရသလို လယ်ယာလုပ်သားတွေလဲ အဆင်ပြေလာတာ တွေ့ရပါတယ်။ အခုနှစ်ပီလောပီနံဥဈေးကောင်းရတာက မနှစ်ကထက် ပီလောပီနံဥစိုက်သူတွေနည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့အရောင်းအဝယ်တွေ ကောင်းနေတာပါ"ဟု ဇလွန်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ဇလွန်မြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ပီလောပီနံဥအပါအဝင်အခြားရာသီပေါ်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ ပီလောပီနံဥများကို တောင်သူတစ်ဦးလျှင် ပီလောပီနံဥ တစ်ဧကမှငါးဧက စိုက်ပျိုးကြပြီး ပီလောပီနံဥ တစ်ဧကလျှင် စိုက်ပျိုးလျှင် ငွေကျပ် ၃၇၀၀၀၀ ခန့် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် ကြွယ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ကြွယ်ကန်ကျေးရွာအုပ်စု ကြွယ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်းဖြင့်ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကြွယ်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၃ ဦးကို ငွေကျပ် ၂၇ ဒသမ ၂ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၁၀ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာ၌ ကျေးရွာတွင်းချင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ညောင်ဦး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာစီမံကိန်း(Smart Village ) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မင်းနန်သူကျေးရွာ၌ ကျေးရွာတွင်းလမ်း ချင်းကျောက်ခင်းခြင်းလုပ်ငန်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ မင်းနန်သူကျေးရွာ၌ ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village)မှ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကျေးရွာတွင်းလမ်း ချင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီဆောင်ရွက်ပြီးစီးရေး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ မင်းနန်သူကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ချင်းကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခေတ်မီစံပြကျေးရွာစီမံကိန်း(Smart Village)မှ ခွင့်ပြုငွေကျပ် ၁၉ ဒသမ ၅ သန်း အသုံးပြု၍ ဌာနမှတာဝန်ယူပြီး ယခုနှစ် ဩဂုတ် ၁၈ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးထံမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ရန်ကုန်မြို့ ရွှေပြည်သာနေ ဒေါက်တာဦးသက်နိုင်-ဒေါ်သင်းနွယ်အောင်၊ သမီး မဆုလှိုင်ဖြိုး မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**စစ်ကိုင်း စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၀၀၀၁ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲစင်းငုံ ၁၀၀၀၁ ကေစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့မှာ ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံ သီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြောင်မြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်း အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပဲစင်းငုံကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဘားအံမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ စက်တင်ဘာ ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာနှစ်ရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ကော့သာဆူးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော့သာဆူးကျေးရွာနှင့်စံပနုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၁၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၆၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုသက်

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ထိုင်းဘေးကျားစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ထိုင်းဘေးကျားစပါးအမျိုးအစားတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ထိုင်းဘေးကျားစပါးအမျိုးအစားတင်းရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လအတွင်း ထိုင်းဘေးကျားစပါးအမျိုးအစားတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ထိုင်းဘေးကျားစပါး တင်းရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျုံပျော်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်ကဝယ်ယူမှုများနေလို့တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ ပြည်တွင်း ဆန်စပါးဈေးကွက်မှာကို ထိုင်းဘေးကျားစပါးကအဝယ်လိုက်နေတာပါ။ ကျုံပျော်မြို့နယ်ကထွက်ရှိတဲ့ ထိုင်းဘေးကျားစပါးတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်''ဟု ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့်ထိုင်းဘေးကျားစပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၂၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါထိုင်းဘေးကျားစပါးသည် အရည်အသွေးကောင်းမွန်သည့် စပါးဖြစ်ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# ပင်းယဂူသုံးလုံးနှင့် ဥစ္စနာမင်းကြီးကျောက်စာ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ရန်ကုန်မှမန္တလေးသို့ အဝေးပြေးလမ်းအတိုင်း သွားလျှင် တံတားဦးမြို့အဝင် လမ်းခွဲသို့မရောက်မီ ကားလမ်း၏ လက်ယာဘက်တွင် ဂူကြီးသုံးလုံး၏ ထိပ်ပိုင်းကို အဝေးမှမြင်ကြရသည်။ ထိုဂူသုံးလုံးသည် ပင်းယမြို့ဟောင်းတွင်တည်ရှိ၍ ပင်းယဂူကြီးသုံးလုံးဟု ထင်ရှားသည်။

လွန်ခဲ့သောနှစ် ၇၀၀ ကျော်က မြန်မာ့သမိုင်းတွင် အထင်အရှားရှိခဲ့သည့် ပင်းယမြို့ဟောင်းရှိ စတုဂံပုံ နန်းတော်အုတ်မြို့ရိုးဟောင်း၊ ပင်းယဂူကြီးသုံးလုံး ဖြစ်သည့် တောင်ဂူ၊ အလယ်ဂူနှင့်မြောက်ဂူ၊ ပင်းယ ရွှေစည်းခုံစေတီ ၊ စေတီရင်ပြင်ရှိ ခိုနန်းချိုးအုတ်ဖိနပ် တိုင်၊ နန်းဦးစေတီအပါအဝင် အဆောက်အအုံ ၂၀ ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီး ဌာနက စောင့်ရှောက်ထိန်းသိမ်းထားသည်။

**ပင်းယမြို့ဟောင်း**

ပင်းယသည် ပုဂံခေတ်နှောင်းပိုင်းကာလတွင် ထွန်းကားခဲ့သည့် ခေတ်ပြိုင်မြို့တော်တစ်ခုဖြစ်သည်။ လက်ရှိတည်နေရာအရ ပင်းယမြို့ဟောင်းသည် အင်းဝမြို့ဟောင်း၏တောင်ဘက် ကျောက်ဆည် မြို့နယ်အတွင်း၌ တည်ရှိသည်။

ပုဂံနှင့်ခေတ်ပြိုင်နန်းမြို့များဖြစ်သည့် စစ်ကိုင်းနှင့် ပင်းယသည် အင်းဝအနီးတွင်တည်ရှိကြသည်။ စစ်ကိုင်း နှင့် အင်းဝသည် ဧရာဝတီမြစ်ခြားလျက် မြစ်တစ်ဖက် ကမ်းစီ၌တည်ရှိပြီး ပင်းယကိုမူ အင်းဝနှင့်တောင် မြောက်တန်းလျက်တည်ခဲ့သဖြင့် လက်ရှိအချိန်တွင် ပင်းယနှင့် အင်းဝကြား၌ တံတားဦးမြို့တည်ရှိနေ သည်။ တံတားဦးနှင့် ပင်းယသည် ရန်ကုန်-မန္တလေး အမြန်လမ်းမ၏တစ်ဖက်စီတွင်ရှိသည်။

ပင်းယမြို့ဟောင်းသည် တံတားဦးမြို့မှ တောင်ဘက်သို့ တစ်မိုင်ကွာဝေး၍ ပန်းလောင်မြစ်၏ အနောက်ဘက်ကမ်းဒေသဖြစ်သည်။ တံတားဦး-ကျောက်ဆည်မော်တော်ကားလမ်းသည် ပင်းယမြို့ ဟောင်းကို တောင်မှမြောက်သို့ ဖြတ်သန်းနေသည်။ မြို့ဟောင်းရှိ ပင်းယနန်းတော်ရာကို ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက တူးဖော်သုတေသနပြုခဲ့သည်။

ပင်းယမြို့ဟောင်း၏ စတုဂံပုံမြို့ရိုးသည် ထင်ရှား ခြင်းမရှိတော့ဘဲ ကုန်းရိုးတန်းတစ်ခုအသွင်သာ ခပ်ရေးရေးမြင်နိုင်ပြီး တောင်မြောက်အလျားက အရှေ့အနောက် အနံအောက်တိုသဖြင့် လေးထောင့် မကျတကျ ပုံသဏ္ဌာန်ရှိနေသည်။

ပင်းယခေတ်သည် ပုဂံမပျက်သုဉ်းမီ ပုဂံနှင့်အတူ ခေတ်ပြိုင် ထွန်းကားခဲ့သည့် ခေတ်ဖြစ်သည်။ ပုဂံခေတ်နှင့် အင်းဝခေတ်ကြားတွင် ပင်းယခေတ် နှင့် စစ်ကိုင်းခေတ်တို့ပေါ်ထွန်းခဲ့ပြီး မြန်မာ့သမိုင်း၏ ခေတ်တစ်ခေတ်အဖြစ် "ပု၊ ပင်း၊ အင်း၊ တောင်၊ ညောင်၊ ကုန်းဘောင်"ဟုမှတ်သားခဲ့ကြရာ ပုဂံခေတ်၊ ပင်းယ ခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်ဟု ဆိုလိုသည်။

ပုဂံခေတ်နှောင်းပိုင်း ဘုရင်တစ်ပါးဖြစ်သည့် ကျော်စွာမင်းလက်ထက် (ခရစ်နှစ် ၁၂၈၇-၁၂၉၈) တွင် ညီနောင်သုံးဦးဖြစ်သည့် အစ်ကိုကြီး အသင်္ခယာ ကို မြင်စိုင်းကိုလည်းကောင်း၊ အစ်ကိုလတ် ရာဇ သင်္ကြံကို မက္ခရာကိုလည်းကောင်း၊ ညီသီဟသူကို ပင်လယ်ကိုလည်းကောင်း စားစေခဲ့သည်။ သို့သော် ညီနောင်သုံးဦးသည် ဘုရင်ကျော်စွာကို နန်းချ၍ မိမိတို့နယ်ပယ်ဒေသအသီးသီးတွင် မင်းပြုခဲ့ကြသည်။

မြင်စိုင်းမြို့ဟောင်းသည် အင်းဝမြို့ဟောင်းမှ တောင်ဘက် ၁၉ မိုင်အကွာတွင်လည်းကောင်း၊ မက္ခရာမြို့ဟောင်းသည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင်လည်းကောင်း၊ ပင်လယ်မြို့ ဟောင်းသည် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ နယ် ကူမဲမြို့မှ အရှေ့တောင်ဘက် ငါးမိုင်အကွာတွင် လည်းကောင်း တည်ရှိကြသည်။

အစ်ကိုများဖြစ်ကြသည့် အသင်္ခယာနှင့် ရာဇ သင်္ကြံကွယ်လွန်ပြီးနောက် သီဟသူသည် ပင်လယ်မှပြောင်းရွှေ့ကာ အင်းဝတောင်ဘက်၊ ငါးမိုင်အကွာ ပန်းလောင်မြစ်အနီး၌ ၁၃၁၃ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်တွင် ပင်းယကိုတည်ထောင်ခဲ့ သည်။ သီဟသူ၏သား စောယွန်းက ၁၃၁၅ ခုနှစ်တွင် စစ်ကိုင်းကိုတည်၍နန်းစံခဲ့ရာ ပုဂံခေတ်နောက်ဆုံး ဘုရင် စောနစ်လက်ထက်(၁၂၉၉-၁၃၂၅) တွင် ပင်းယနှင့်စစ်ကိုင်းသည် သီးခြားမင်းများအုပ်ချုပ် သည့် နန်းပြိုင်များဖြစ်ခဲ့ကြသည်။

ပင်းယနန်းတည်နှစ် မြန်မာသက္ကရာဇ် ၆၇၄ ခုနှစ် ကို "သော်တာလ၊ ပင်းယတည်သည့် တစ်စီးရှင်"ဟု အမှတ်အသားပြုခဲ့ကြသည်။ ပင်းယသည်မြို့သက် ၅၁ နှစ်ကြာမြင့်ခဲ့ပြီး မင်းခြောက်ဆက်အနက် တစ်စီးရှင် သီဟသူက ခရစ်နှစ် ၁၃၁၉ ခုနှစ်မှ ၁၃၂၂ ခုနှစ်ထိ၊ ဥစ္စနာက ၁၃၂၂ ခုနှစ်မှ ၁၃၄၄ ခုနှစ်ထိ၊ ငါးစီးရှင် ကျော်စွာက ၁၃၄၄ ခုနှစ်မှ ၁၃၅၀ ပြည့်နှစ်ထိ၊ ကျော်စွာငယ်က ၁၃၅၀ ပြည့်နှစ်မှ ၁၃၅၉ ခုနှစ်ထိ၊ နရသူက ၁၃၅၉ ခုနှစ်မှ ၁၃၆၅ ခုနှစ်ထိ စိုးစံခဲ့ကြပြီး ဥဇနာပြောင်က ၁၃၆၅ ခုနှစ်တွင် သုံးလသာ နန်းစံ ခဲ့ကာ အင်းဝဘုရင်သတိုးမင်းဖျားက ပင်းယကို သိမ်းပိုက်ခဲ့ပြီးနောက် ပင်းယမင်းဆက်ပြတ်ခဲ့သည်။

ပင်းယကိုမတည်မီ ရွှေစည်းခုံစေတီတော်နေရာ တွင် မြေတူးစဉ် အရိုးအခက်၊ အရွက်အသီးနှင့်တကွ ရွှေအဆင်းရှိသော ပန်းပင်ကို ရရှိခဲ့ကြောင်း၊ မြို့ရာကို ကြည့်သောအခါ ရွှေပန်းကိုရရှိခဲ့သဖြင့် ပန်းရဟုခေါ်ဆို ရာမှ ကာလကြာရှည်ချိန်တွင် ပင်းယဟုအမည်တွင်ခဲ့ ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။

**ပင်းယရွှေစည်းခုံ**

မြို့သက် ၅၁ နှစ်ကြာမြင့်ခဲ့သည့် ပင်းယမြို့ ဟောင်းအတွင်း ရှေးဟောင်းအဆောက်အအုံများ ဖြစ်ကြသည့် ရွှေစည်းခုံစေတီ၊ ဂူကြီးသုံးလုံးနှင့် နန်းဦးစေတီတို့သည် လက်ရှိကျောက်ဆည်-တံတား ဦးကားလမ်း၏ အနောက်ဘက်တွင် တောင်မြောက် တန်းလျက် တည်ရှိနေကြသည်။

ပင်းယရွှေစည်းခုံစေတီကို ပင်းယမြို့ရိုး၏တောင် ဘက်၌လေးထောင့်ပန္နက်တွင် ပစ္စယာသုံးဆင့်ခံ၍ တည်ထားပြီး နတ်လမ်းလှေကားနှင့်ထောင့်စေတီများ ထည့်သွင်းတည်ဆောက်ခဲ့သည်။ ပင်းယကိုတည်ခဲ့စဉ် က နန်း၊ မြို့၊ ကျုံး၊ ထောက်ရှည်ကန်၊ အတွင်းကျောင်း၊ ရွှေဂူနှင့် ရွှေစည်းခုံခုနစ်ဌာနကို သက္ကရာဇ် ၆၇၄ ခုနှစ် တွင် တစ်ချိန်တစ်နာရီတည်း စ၍တည်ခဲ့ကြောင်း တွင်းသင်းရာဇဝင်တွင် ရေးသားထားသည်။

သီဟသူသည် ရွှေစည်းခုံစေတီတော် တည် ဆောက်ခြင်းမပြီးစီးမီ နတ်ရွာစံခဲ့သဖြင့် သားတော် ဥစ္စနာမင်းက ဆက်လက်တည်ထားခဲ့သည်ဟု ဆိုကြ သော်လည်း မုံရွေးဆရာတော်က တစ်စီးရှင်သီဟသူ သည် ရွှေစည်းခုံစေတီတော်ကို ပြီးစီးသည်ထိ တည် ထားခဲ့ပြီး ရွှေထီးတင်ခဲ့ကြောင်း၊ ဥစ္စနာမင်းက စေတီ တော်ကိုမျိုလျက်(ငုံလျက်) ထီးတင်ခဲ့ကြောင်း၊ စဉ့်ကူး မင်းလက်ထက်တွင် စေတီပြိုကွဲသဖြင့် တူးခွာသော အခါ တစ်စီးရှင်၏ကောင်းမှုစေတီတော်ကို ရွှေထီးနှင့် တကွမြင်တွေ့ရကြောင်း စေတီယကထာ (ရာဇဝင် ချုပ်)တွင်ဖော်ပြခဲ့သည်။ ပုဂံခေတ်ကတည်ခဲ့သည့် စေတီပုထိုးများတွင် ထီးတင်လေ့မရှိခဲ့သော်လည်း ပုဂံခေတ်နှောင်းပိုင်း ပင်းယခေတ်တွင် တည်ခဲ့သည့် စေတီများတွင် ထီးတော်များကို တွေ့မြင်ကြရသည်။



ပင်းယဘုရင် ဥစ္စနာမင်းကြီးရေးထိုးခဲ့သည့် ကျောက်စာကို တွေ့ရစဉ်။

ပင်းယခေတ်နောက်ပိုင်းတွင် ရွှေစည်းခုံစေတီကို အင်းဝနှင့်ကုန်းဘောင်မင်းများက ပြုပြင်ထိန်းသိမ်း ခဲ့ကြရာ အင်းဝဘုရင်များဖြစ်ကြသည့် မင်းကြီးစွာ စော်ကဲနှင့်စနေမင်းတို့သည် ရွှေစည်းခုံစေတီကို လုံးတော်ပြည့်ရွှေချခဲ့ကြပြီး ကုန်းဘောင်ဘုရင် မြေဒူး မင်းက မြေများလှူဒါန်းခဲ့သည်။ မြေဒူးမင်း၏သားတော် စဉ့်ကူးမင်းသည် သက္ကရာဇ် ၁၁၃၈ ခုနှစ်တွင် ပင်းယ ရွှေစည်းခုံစေတီကို ချရားသီးမှ အောက်ခြေထိ ရွှေပိန်း ချခဲ့သည်။ ၁၁၄၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက် (ခရစ်နှစ် ၁၇၈၁ ခုနှစ် အောက်တိုဘာ ၂၀ ရက်) တွင် စဉ့်ကူးမင်းသည် ပင်းယရွှေစည်းခုံစေတီပြိုကျခဲ့ သဖြင့် အသစ်တည်ထားရန် စေတီ၏မြောက်ဘက် တွင် နန်းစံခဲ့သည်။

**ပင်းယဂူကြီးသုံးလုံး**

ပင်းယမြို့ဟောင်းအတွင်း တံတားဦး-ကျောက် ဆည်ကားလမ်း၏ အနောက်ဘက်တွင်တည်ရှိသည့် လိုဏ်ဘုရားသုံးဆူကို ဒေသခံများက ဂူသုံးလုံးဟုခေါ် ဆိုကြရာမှ ပင်းယဂူကြီးသုံးလုံးဟုထင်ရှားခဲ့သည်။ ၎င်းဂူများကို မည်သူတည်ခဲ့ကြောင်း အတိအကျမသိ ရှိကြဘဲ နှုတ်ပြောစကားများအရ တစ်စီးရှင်သီဟသူ က တောင်ဘက်ဆုံးဂူကို တည်ခဲ့သည်ဟုဆိုသည်။

အလယ်ဂူနှင့်မြောက်ဘက်ဂူကြား၌ ကျောက်စာ ဂူအတွင်း ကျောက်စာနှစ်ချပ်ရှိသည်။ ကျောက်စာ တစ်ချပ်တွင် ပင်းယဒုတိယနန်းစံဥစ္စနာမင်းကြီး (၁၃၂၂-၁၃၄၄)က ဂူသုံးခုမြေနေရာကို လှူဒါန်း ကြောင်း ရေးထိုးထားသည်။ ကျောက်စာတွင် ဂူကြီး၊ ဂူပြောက်၊ လက်ထဂူတို့ကိုတည်ပြီး မြေလှူကြောင်း ရေးထားသဖြင့် ဂူကြီးသုံးလုံးကို ပင်းယမင်းဆက် ဒုတိယဘုရင်ဥစ္စနာက တည်ခဲ့သည်ဟုလည်းဆိုကြ သည်။ သို့သော် ကျောက်စာတွင်ပါရှိသည့် သက္ကရာဇ် ၇၁၂ ခုနှစ်တွင် "ဥစ္စနာမင်းကြီးသည် အိမ်နိမ့်အရပ်၌ ဂူပြု၍"ဟူသည့်စာသားကိုထောက်လျက် စာရေးဆရာ ဗိုလ်ရှိတ်(ရတနာပူရ)က ပင်းယမြို့ဟောင်း၏ အရှေ့ တောင်ဘက် သုံးမိုင်ကျော်အကွာတွင် အိမ်နိမ့်ကန်ရွာ ရှိကြောင်း၊ ဒေသခံများက ၎င်းရွာကို မင်းညီမင်းသား များ အိမ်နိမ့်စံဘဝတွင် နေထိုင်ခဲ့ကြသည်ဟုဆိုကြ ကြောင်း၊ ကျောက်စာပါအိမ်နိမ့်အရပ်သည် အိမ်နိမ့် ကန်ရွာလော၊ ဂူကြီးသုံးလုံးရှိနေသည့်နေရာလောဟု ကွဲပြားစွာမသိနိုင်ကြောင်း သုံးသပ်ခဲ့သည်။

ဂူကြီးများအနီးရှိ ကျောက်စာဂူသည် မျက်မှောက် ခေတ်တွင်ပြုလုပ်ထားသည့် ဂူဖြစ်သဖြင့် ကျောက်စာ များသည် မူလကတည်းက ဂူကြီးများအနီးတွင် စိုက်ထူခဲ့ခြင်းဟုတ်၊ မဟုတ် မသိရှိနိုင်သကဲ့သို့ အခြားတစ်နေရာမှ ပြောင်းရွှေ့ယူဆောင်လာခဲ့ခြင်း ဟုတ်၊ မဟုတ်လည်း မသိရှိကြချေ။

ထုထည်ကြီးသော ဂူဘုရားကြီးသုံးဆူသည် တစ်ပုံစံတည်းဖြစ်ကြပြီး တစ်ဂူနှင့်တစ်ဂူ ပေ ၁၂၀ ကွာခြားကာ တောင်မြောက်တန်းလျက်တည်ရှိနေ သည်။ ဂူဘုရားသုံးဆူအနက် အလယ်ဂူဘုရားသည် အကြီးဆုံးဖြစ်၍ ဘေးနှစ်ဆူတွင် လိုဏ်ပတ်လမ်းများ ပါရှိကာ ဂူပေါ်သို့တက်ရန်လှေကားများရှိခဲ့သည်။

ဂူသုံးလုံး၏မျက်နှာလေးဖက်စလုံးတွင် မုခ်ပေါက် များပါရှိပြီး အတွင်း၌ရုပ်ပွားတော်များရှိသည်။ ဂူသုံးလုံးကို ပုဂံခေတ်လွန် လက်ရာများဟု ဆိုနိုင်ကာ တောင်ဘက်ဂူတွင် ပန်းတော့လက်ရာများကျန်ရှိနေ ပြီး လက်ရာမြောက်သည့် ဘီလူးပန်းကိုက်နှင့် ဘီလူး ပန်းဆွဲများကို မြင်တွေ့နိုင်ကြသည်။ တောင်ဘက်ဂူ တွင်ရှိခဲ့သည့် နံရံဆေးပန်းချီများသည် မေးမှိန်ပျောက် ကွယ်ခဲ့ပြီဖြစ်သည်။ ဂူဘုရားများတွင် စဉ့်ခွက်များ ထားရှိခဲ့သည့်နေရာ (စဉ့်ခွက်ရာ) များကို တွေ့ရှိနိုင် သော်လည်း စဉ့်ခွက်များကိုမူ မမြင်ကြရတော့ချေ။

**ဥစ္စနာမင်းကြီးကျောက်စာ**

ဥစ္စနာမင်းကြီးရေးထိုးခဲ့သည့် ကျောက်စာကို မူလက ပင်းယဂူကြီးသုံးလုံးအနက် မြောက်ဘက်ဆုံးဂူ ၏ အနောက်တောင်ဘက် ပေ ၅၀ အကွာတွင် စိုက်ထူခဲ့သည်။ ကျောက်စာသည် မူလထိုးတစ်မျက်နှာ ကျောက်စာဖြစ်၍ အပိုင်းနှစ်ပိုင်းပါဝင်သည်။ ကျောက်စာတွင် မြန်မာဘာသာဖြင့် စာကြောင်း ၁၃ ကြောင်းရေးထိုးထားပြီး သက္ကရာဇ် ၇၁၂ ခုနှစ် ခေါင်းစဉ် ဖြင့် ဖော်ပြထားသည့်အပိုင်းသည် စာကြောင်းတစ် ကြောင်းမှ ကိုးကြောင်းထိဖြစ်၍ သက္ကရာဇ် ၈၂၀ ပြည့် နှစ် ခေါင်းစဉ်ပါအပိုင်းသည် စာကြောင်း ၁၀ ကြောင်း မှ ၁၃ ကြောင်းထိဖြစ်သည်။

ကျောက်စာအစကို သက္ကရာဇ် ၇၁၂ ခုနှစ် အာသတ် နှစ်၊ မ္လွယ်တာလပြည့်၊ တနင်္ဂနွေနေ့ဟုအစချီထားသည်။ ထိုခုနှစ်တွင် ဥစ္စနာမင်းကြီးသည် အိမ်နိမ့်အရပ်၌ ကြီးစွာသောဂူပြု၍ ၆၄၀၀၀ သောငွေကို အပြားခတ် ၍လှူမ်း၏။ သာသနာ ၅၀၀၀ တည်စိမ့်သောငှာ လှူ သောမြေအရပ်များ၊ ဂူပြောက်နှင့် လက်ထဂူတို့ကို လှူသောမြေအရပ်ကို ရေးထိုးထားသည်။

ကျောက်စာဒုတိယပိုင်းတွင် သက္ကရာဇ် ၈၂၀ ပြည့်နှစ် တပေါင်းလဆန်း ၁ ရက်၊ တနင်္လာနေ့ဟုအစချီကာ လေကြီးတောကျောင်းတွင် အုန်း၊ ထန်း၊ ပိန္နဲ၊ သရက်၊ ရှောက်၊ သံပရာပင်များကိုစိုက်ပျိုး၍ မြေရှင်က နှစ်စု၊ စိုက်ပျိုးသူကသုံးစုယူစေကြောင်း သတ်မှတ်ပေးခဲ့ သည်။ ဆက်လက်၍ သံဃာအပေါင်းနှင့် သာသနာ ၅၀၀၀ တည်စိမ့်သောငှာ ပင်းယဂူတော်သစ်သင်ကြီး ဆရာ သက်တော်ရှည်တုဦးရီးလက်ထက်တွင် ခွဲဝေ ခြင်းကိုပြုကြောင်းရေးထိုးကာ ကျောက်စာကို အဆုံး သတ်ထားသည်။ ဥစ္စနာမင်းကြီးကျောက်စာတွင် သာသနာ ၅၀၀၀ တည်စိမ့်သောငှာဟူသည့် လှူဒါန်းမှု ရည်ရွယ်ချက်မှလွဲ၍ ဆုတောင်းစာနှင့် ကျိန်စာများကို ရေးထိုးထားခြင်းမရှိချေ။ **စာမျက်နှာ ၅ သို့** á

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်

- ကိုယ့်ဂုဏ်အင် တိုးတက်ရေး
ရှေးရှုတွေး လုပ်ဆောင်၊
မကောင်းဉာဏ် ထုတ်ကာသုံး
ထိပ်ဆုံးရောက်အောင်၊
မကောင်းမှု အမိုက်အမှောင်
တွေ့မရှောင် ရှေ့ဆက်တိုး၊
သေသူသေ မွဲသူမွဲ
ငါစွဲကြီးစိုး။

- မြင့်မြတ်ဖွယ် ပရစိတ်ပျိုး
အတ္တကိုယ်ကျိုး မကြည့်ပါ၊
လူတိုင်းအပေါ် မေတ္တာရှိ
ထားကြည့်ခါခါ၊
သူဆင်းရဲ ကိုယ်မနေသာ
ကူညီကာ ဖေးမလျက်၊
ပတ်ဝန်းကျင် ကောင်းကျိုး
ကြိုးစားထမ်းရွက်။

- ကောင်းဆိုးနှစ်တန် ယှဉ်တွဲဖက်
ရွေးချယ်ကွဲ့ များသူငါ၊
လူ့ဘဝသည် တန်ဖိုးရှိသမို့
တွေးဆကြည့်ပါ၊
ကိုယ်ပြုသော ကံသည်သာ
ရောက်ရှိလာ ကိုယ့်ဆီမို့၊
မြတ်ပညာ အဖော်သဟဲနဲ့
သတိမကွာ ကောင်းမှုတွဲလို့
ကွယ်...
ငါစွဲဖြတ်စို့။ ။

ချစ်သက်(မြန်မာစာ)

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၃၂၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၃၂၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၆၄၉၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၂၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဖူးစားပြောင်း ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သိမ်ကုန်းတောင်ကျေးရွာနှင့် အိုင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၅ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

သိမ်ကုန်းတောင်ကျေးရွာနှင့် အိုင်သာကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၇ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၂၇ ဒသမ ၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

á **စာမျက်နှာ ၄ မှအဆက်**

ဥစ္စနာမင်းကြီး၏ကျောက်စာသည် တိုတောင်းသော မှတ်တမ်းတစ်ခုသာဖြစ်သော်လည်း အိမ်နိမ့်အရပ်တွင် ဂူကိုတည်ခဲ့ကြောင်းကို ခိုင်မာစွာပြဆိုနိုင်သည့် အထောက်အထားတစ်ရပ်ဖြစ်ခဲ့သည်။ သို့သော် ကျောက်စာပါအိမ်နိမ့်အရပ်သည် လက်ရှိဂူကြီး သုံးလုံးရှိနေသည့်နေရာဟုတ်၊ မဟုတ်ကိုမူ ဆက်လက် သုတေသနဖော်ထုတ်ရမည်ဖြစ်ပေသည်။

**ပင်းယနိဂုံး**

သတိုးမင်းဖျားသည် ဘထွေးတော် ပင်းယဘုရင် မင်းပြောက်နှင့် နောင်တော်စစ်ကိုင်းဘုရင် ဥဇနာပြောင်တို့ကိုလုပ်ကြံပြီး ပင်းယတွင် ယာယီမင်းပြုခဲ့သည်။ ၁၃၆၄ ခုနှစ်မေလတွင် စစ်ကိုင်းပျက်ခဲ့ပြီး ဇွန်လတွင် ပင်းယပျက်ခဲ့သည်။ သတိုးမင်းဖျားသည် ပင်းယနှင့် စစ်ကိုင်းကို ပူးပေါင်းလျက် မင်းပြုပြီး မကြာမီ ပင်းယသည် မြို့အနေအထားမကောင်းသဖြင့် ရန်သူကိုမလုပ်ကြံသာဟုယူဆလျက် သက္ကရာဇ် ၇၂၆ ခုနှစ် တပေါင်းလဆန်း ၆ ရက် အင်္ဂါနေ့ ( ၁၃၆၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်) တွင် အင်းဝကို တည်ထောင်ပြီး အင်းဝ၌နန်းစံခဲ့သည်။

သတိုးမင်းဖျားသည် စစ်ကိုင်းမြို့တည် အသင်္ခယာစောယွန်း၏ သမီးစိုးစံကိုယ်တော်ကြီးနှင့်တကောင်းမင်းရိုး သတိုးတို့၏သားတော်ဖြစ်ပြီး အင်းဝမြို့တည်မြန်မာခုနှစ်ကို "ထုတ်ခွန်သာ၊ အင်းဝတည်"ဟု မှတ်သားခဲ့ကြသည်။

ပုဂံမင်းဆက်နောက်ဆုံးဘုရင် စောမွန်နစ်သည် ပင်းယနှင့်စစ်ကိုင်းပျက်ပြီးချိန်တွင် ပုဂံတွင် နန်းစံနေခဲ့သည်။ သို့သော် သတိုးမင်းဖျားသည် အင်းဝကိုထူထောင်၍ အင်အားကြီးမားလာချိန်တွင် ၁၃၆၈ ခုနှစ်၌ စောမွန်နစ်သည် အင်းဝဘုရင်ထံ အညံ့ခံခဲ့သဖြင့် ပုဂံ၊ ပင်းယ၊ စစ်ကိုင်းခေတ်များအဆုံးသတ်ခဲ့သည်။ ပင်းယနှင့် စစ်ကိုင်းပျက်ပြီး သတိုးမင်းဖျား ထူထောင်ခဲ့သည့် အင်းဝသည် ၁၃၆၄ ခုနှစ် မှ ၁၇၅၁ ခုနှစ်ထိ နှစ် ၄၀၀ ခန့် သက်တမ်းရှည်ကြာခဲ့ကာ မင်းနေပြည်တော်လေးကြိမ်ဖြစ်ခဲ့သည်။

အင်းဝနှင့်အတူ ပင်းယနှင့်စစ်ကိုင်းသည် သမိုင်းဝင်မြို့ဟောင်းများဖြစ်ကြကာ ပင်းယတွင်မင်းခြောက်ဆက်၊ စစ်ကိုင်းတွင် မင်းခုနစ်ဆက်၊ အင်းဝတွင် မင်း ၃၁ ဆက်အုပ်ချုပ်ခဲ့သည်။ မြန်မာ့သမိုင်းတွင် အချိန်ကာလမကြာမြင့်ခဲ့သော်လည်း ခေတ်တစ်ခေတ်အဖြစ် သမိုင်းဝင်ခဲ့သည့် ပင်းယသည် ပုဂံနှင့် အင်းဝခေတ်ကြား မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကြွင်းကျန်နေခဲ့သည့် ရှေးဟောင်းမြို့တစ်မြို့ဖြစ်ခဲ့ကာ ပင်းယဒုတိယဘုရင် ဥစ္စနာမင်းကြီး၏ကျောက်စာသည်လည်း ပင်းယဂူကြီးသုံးလုံးနှင့် ဆက်နွယ်သည့်မှတ်တမ်းတစ်ခုအဖြစ်ထင်ရှားခဲ့ပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ (၆)(၉)**
- **တွင်းသင်းမဟာရာဇဝင်သစ်(ပထမတွဲ)**
- **ပင်းယ အင်းဝမြေမှ သမိုင်းဝင်စေတီပုထိုးများ(ဒေါက်တာတိုးလှ)**
- **အင်းဝနန်းစံမင်းများနှင့် သမိုင်းဝင်နေရာများ (ဗိုလ်ရှိတ်-ရတနာပူရ)**

# နိုင်ငံတကာ သတင်းများ

## မင်းဖစ်မြို့သို့ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များစေလွှတ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ညွှန်ကြားထား



ဝါရှင်တန် စက်တင်ဘာ ၁၆

ရာဇဝတ်မှုများကို နှိမ်နင်းရေးအတွက် တင်နက်ဆီပြည်နယ် မင်းဖစ်မြို့သို့ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ စေလွှတ်ဖြန့်ကြက်ရန် သမ္မတ ဒေါ်နယ်ထရမ့်က စက်တင်ဘာ ၁၅ရက်တွင် ညွှန်ကြားခဲ့သည်။

မင်းဖစ်မြို့သို့ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ စေလွှတ်ဖြန့်ကြက်ရေး အထူးအမိန့်ဒီကရီကို သမ္မတဒေါ်နယ်ထရမ့်က စက်တင်ဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါအမိန့်ဒီကရီအရ အမေရိကန်အစိုးရသည် မင်းဖစ်မြို့၌ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်မည့်အပြင် အက်ဖ်ဘီအိုင်အပါအဝင် ဖက်ဒရယ်လုံခြုံရေးအဖွဲ့အစည်းများမှ ဝန်ထမ်းများလည်းပါဝင်မည့် ရာဇဝတ်မှု ကိုင်တွယ်ရေး အထူးအဖွဲ့ တစ်ဖွဲ့ကိုလည်း ဖွဲ့စည်းမည်ဖြစ်သည်။

မင်းဖစ်မြို့၌ ရာဇဝတ်မှုဖြစ်ပွားနှုန်း ကျဆင်းနေပြီဖြစ်ကြောင်း မြို့တော်ရဲတပ်ဖွဲ့က ပြောကြားထားသည့်တိုင် မင်းဖစ်မြို့သို့ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ စေလွှတ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စီစဉ်ထားခြင်းဖြစ်သည်။

မင်းဖစ်မြို့သည် တေးဂီတထုတ်လုပ်ရေးလုပ်ငန်းများကြောင့် ကမ္ဘာကျော်သည့်မြို့ဖြစ်သည်။

သို့ရာတွင် အမေရိကန်ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)၏ အဆိုအရ မင်းဖစ်မြို့သည် လူဦးရေတစ်သိန်းအထက်ရှိ အမေရိကန်မြို့ကြီးများအနက် ရာဇဝတ်မှုဖြစ်ပွားနှုန်း အမြင့်ဆုံးမြို့များထဲတွင် ပါဝင်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ကုလသမဂ္ဂ၏ ကမ္ဘာ့တီထွင်ဆန်းသစ်မှုအရှိဆုံး နိုင်ငံများစာရင်းတွင် တရုတ်နိုင်ငံလည်း ပထမဆုံးပါဝင်

နယူးယောက် စက်တင်ဘာ ၁၆

ကုလသမဂ္ဂက ယနေ့တွင် ထုတ်ပြန်ခဲ့သော တီထွင်ဆန်းသစ်မှုအရှိဆုံး ကမ္ဘာ့နိုင်ငံ ၁၀ နိုင်ငံစာရင်းတွင် တရုတ်နိုင်ငံလည်း ပထမဆုံးအကြိမ်အဖြစ် ပါဝင်လာကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကုလသမဂ္ဂက နှစ်စဉ်ထုတ်ပြန်သော တီထွင်ဆန်းသစ်မှုအရှိဆုံး ကမ္ဘာ့နိုင်ငံ ၁၀ နိုင်ငံစာရင်းတွင် ဥရောပ၏စီးပွားရေးအင်အားအကြီးဆုံး နိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံကိုဖယ်ရှား၍ ပါဝင်လာခြင်းဖြစ်သည်။

ယခုနှစ် တီထွင်ဆန်းသစ်မှုအရှိဆုံး ကမ္ဘာ့နိုင်ငံ ၁၀ နိုင်ငံစာရင်းတွင် ဆွစ်ဇာလန်နိုင်ငံက နံပါတ်(၁)နေရာတွင် ရပ်တည်နေပြီး တရုတ်နိုင်ငံက နံပါတ်(၁၀)နေရာ၌ ရပ်တည်နေသည်။

ကုလသမဂ္ဂသည် ကမ္ဘာ့တီထွင်ဆန်းသစ်မှုအရှိဆုံး နိုင်ငံများစာရင်းကို ကမ္ဘာ့နိုင်ငံ ၁၃၉ နိုင်ငံတို့ကို အညွှန်းကိန်း ၇၈ ခုဖြင့် တိုင်းတာ၍ ပြုစုထုတ်ပြန်ထားခြင်းဖြစ်သည်။

တရုတ်နည်းပညာ ကုမ္ပဏီများက သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ အကြီးအကျယ် ရင်းနှီးမြှုပ်နှံနေချိန်တွင် ကုလသမဂ္ဂ၏ တီထွင်ဆန်းသစ်မှုအရှိဆုံး ကမ္ဘာ့နိုင်ငံများစာရင်း၌ တရုတ်နိုင်ငံ ပါဝင်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံက ၂၀၂၄ ခုနှစ်တွင် မှတ်ပုံတင်ခဲ့သည့် ဉာဏမူပိုင်ခွင့်အရေအတွက်သည် တစ်ကမ္ဘာလုံးဉာဏပစ္စည်းမူပိုင်ခွင့်မှတ်ပုံတင်မှု စုစုပေါင်း၏ လေးပုံတစ်ပုံနီးပါး ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ဗင်နီဇွဲလားမူးယစ်ဆေးဝါးတင်ရေယာဉ်အဖြစ် ယူဆရသည့်ရေယာဉ်ကို အမေရိကန်တပ်မတော်တိုက်ခိုက်

နယူးယောက် စက်တင်ဘာ ၁၆

ဗင်နီဇွဲလားနိုင်ငံဘက်မှ အမေရိကန်နိုင်ငံဘက်သို့ထွက်ခွာလာသည့် မူးယစ်ဆေးဝါးတင်ရေယာဉ်အဖြစ် ယူဆရသည့် ရေယာဉ်တစ်စီးကို အမေရိကန်တပ်မတော်က တိုက်ခိုက်ခဲ့ကြောင်း သမ္မတဒေါ်နယ်ထရမ့်က စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် ရက်သတ္တပတ် အနည်းငယ်အတွင်း အမေရိကန်တပ်မတော်က ဒုတိယအကြိမ်ပြုလုပ်ခဲ့သည့် မူးယစ်ဆေးဝါးတင် ရေယာဉ်တိုက်ခိုက်မှုဖြစ်သည်။

ဗင်နီဇွဲလား မူးယစ်ဆေးဝါးတင်ရေယာဉ်ကို တိုက်ခိုက်ရာတွင် လူသုံးဦးသေဆုံးခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

အဆိုပါတိုက်ခိုက်မှုကို အမေရိကန်တပ်မတော်က နိုင်ငံတကာရေပြင်အတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်၏ အဆိုအရ သိရသည်။

အမေရိကန်တပ်မတော်သည် စက်တင်ဘာ ၂ ရက်ကလည်း ဗင်နီဇွဲလားမူးယစ်ဆေးဝါးတင် ရေယာဉ်အဖြစ် ယူဆရသည့်ရေယာဉ်တစ်စီးကို တိုက်ခိုက်ခဲ့ရာ လူပေါင်း ၁၂ ဦး သေဆုံးခဲ့သည်။

အမေရိကန်အစိုးရသည် ဗင်နီဇွဲလားအပါအဝင် လက်တင်အမေရိကနိုင်ငံများမှ မူးယစ်ဆေးဝါးများဝင်ရောက်မှုကို တားဆီးရေးအတွက် ကာရစ်ဘီယံပင်လယ်ဒေသ၌ စစ်သင်္ဘောများနှင့် ရေငုပ်သင်္ဘောများ ဖြန့်ကြက်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဂါဇာစီးတီးမြို့ ထိန်းချုပ်ရေးမြေပြင်ထိုးစစ် အစ္စရေးတပ်မတော် စတင်

ဂျေရုဆလင် စက်တင်ဘာ ၁၆

ဂါဇာစီးတီးမြို့ကို ထိန်းချုပ်ရေးအတွက် မြေပြင်ထိုးစစ်ကို အစ္စရေးတပ်မတော်က စတင်နေပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂါဇာစီးတီးမြို့ ထိန်းချုပ်ရေးမြေပြင်ထိုးစစ်စတင်မှုကို အစ္စရေးတပ်မတော်က ယနေ့တွင် အတည်ပြုကြေညာထားသည်။

အစ္စရေးတပ်များ အနေဖြင့် ဂါဇာစီးတီးမြို့ ထိန်းချုပ်ရေးမြေပြင်ထိုးစစ်၏ အဓိကအဆင့်ကို စတင်နေပြီဖြစ်ကြောင်း အစ္စရေးတပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

ဂါဇာစီးတီးမြို့သည် ဂါဇာကမ်းမြောင်လူဦးရေ စုစုပေါင်း၏ ထက်ဝက်ခန့် နေထိုင်သည့်မြို့ဖြစ်သည်။

သို့ရာတွင် ဂါဇာစီးတီးမြို့ကို ဟားမတ်စ်အုပ်စု၏ အဓိကခြေကုပ်နယ်မြေဖြစ် အစ္စရေးအစိုးရက သတ်မှတ်ထားသည်။

ဂါဇာစီးတီးမြို့ကို စစ်ရေးအရ ထိန်းချုပ်ထားရန် အစ္စရေးတပ်မတော်ကို ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြီးခဲ့သည့်လကပင် ညွှန်ကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## ရုရှားလေတပ် တီယူ-၁၆၀ မဟာဗျူဟာဗုံးကြဲလေယာဉ်များ ခရစ်ဒုံးကျည်ပစ်လွှတ်မှု လေ့ကျင့်

မော်စကို စက်တင်ဘာ ၁၆

ဇာပက်ဒ်-၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှုအစီအစဉ်အရ ရုရှားလေတပ်မှ တီယူ-၁၆၀ မဟာဗျူဟာဗုံးကြဲလေယာဉ်များက ခရစ်ဒုံးကျည်ပစ်လွှတ်မှုများ လေ့ကျင့်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။



တီယူ- ၁၆၀ မဟာဗျူဟာဗုံးကြဲလေယာဉ်များသည် ခရစ်ဒုံးကျည်ပစ်လွှတ်လေ့ကျင့်မှုများကို ဘာရင့်ပင်လယ်ဒေသ၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရစ်ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုများကို စကင်ဒီနေးဗီးယားမြောက်ပိုင်း ဘာရင့်ပင်လယ်အထက် နိုင်ငံတကာရေပြင်အတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရုရှားလေတပ် တီယူ-၁၆၀ မဟာဗျူဟာဗုံးကြဲလေယာဉ်များသည် နျူကလီးယားလက်နက်များ သယ်ဆောင်နိုင်သည့် ဗုံးကြဲလေယာဉ်များဖြစ်ကြသည်။

တီယူ-၁၆၀မဟာဗျူဟာဗုံးကြဲလေယာဉ်များ၏ စက်တင်ဘာ ၁၅ ရက် စစ်ရေးလေ့ကျင့်မှုများမှာ လေးနာရီကြာမြင့်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် ဇာပက်ဒ်-၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို စက်တင်ဘာ ၁၂ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## နောရော့ဂရူးမင်း ဆိုက်ဂနက်အာကာသကုန်တင်ယာဉ်ကို စပေ့အိတ်ကုမ္ပဏီလွှတ်တင်



**ဝါရှင်တန် စက်တင်ဘာ ၁၆**

နောရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက် အာကာသကုန်တင်ယာဉ်ကို စပေ့အိတ်ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် စက်တင်ဘာ ၁၄ ရက်တွင် လွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

NG-23 ဟူ၍ အမည်ပေးထားသည့် အဆိုပါမစ်ရှင်သည် နောရော့ဂရူးမင်းကုမ္ပဏီ၏ ၂၃ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပို့မစ်ရှင်ဖြစ်သည်။

ထို့ပြင် NG-23 မစ်ရှင်သည် ၂၀၂၄ ခုနှစ် ဩဂုတ်လနောက်ပိုင်း ပထမဆုံး ဆိုက်ဂနက်အာကာသကုန်တင်ယာဉ် မစ်ရှင်လည်းဖြစ်ကြောင်း သိရသည်။

ဆိုက်ဂနက် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် ရိက္ခာပစ္စည်း ၃၈၅၅ ကီလိုဂရမ်သယ်ဆောင်သွားကြောင်း သိရသည်။

ဆိုက်ဂနက်အာကာသကုန်တင်ယာဉ်သည် စက်တင်ဘာ ၁၇ ရက်တွင် နိုင်ငံတကာအာကာသစခန်းနှင့် ချိတ်ဆက်ရန်ကြိုးပမ်းမည်ဖြစ်သည်။

ဆိုက်ဂနက် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်ရာတွင် စက်ရုပ်လက်တံများအကူအညီဖြင့် ချိတ်ဆက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## လမျက်နှာပြင် ကျောက်တုံးများလိမ့်ဆင်းလာမှုကြောင့် ပေါ်ထွက်လာသည့် စွပ်ကြောင်းရာများ သိပ္ပံပညာရှင်များတွေ့ရှိ

**နယူးဒေလီ စက်တင်ဘာ ၁၆**

လမျက်နှာပြင်တွင် လကမ္ဘာ တောင်ကမ်းပါး စောင်းများမှ ကျောက်တုံးများ လိမ့်ဆင်းလာမှုကြောင့် ပေါ်ထွက်လာသည့် စွပ်ကြောင်းရာများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းများတွင်ဖော်ပြထားသည်။

အိန္ဒိယသိပ္ပံပညာရှင်များသည် လမျက်နှာပြင်၏ တောင်လတ္တီတွဒ် ၄၀ ဒီဂရီနှင့် မြောက်လတ္တီတွဒ် ၄၀ ဒီဂရီကြား နယ်စပ်၏ဓာတ်ပုံများကို စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာတွင် အိန္ဒိယသိပ္ပံပညာရှင်များသည် လကမ္ဘာ တောင်ကမ်းပါး စောင်းများမှ ကျောက်တုံးများ လိမ့်ဆင်းမှုကြောင့် ပေါ်ထွက်လာသည့် စွပ်ကြောင်းရာ ၂၄၅ ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

လကမ္ဘာ၏ ဘူမိလှုပ်ရှားမှုများမှာ ငြိမ်သက်သွားပြီဖြစ်ကြောင်း ယုံကြည် ထားကြသော်လည်း အချင်း ၁၀ မီတာမှ ရာနှင့်ချီရှိပြီး အလေးချိန်လည်း တန်နှင့်ချီခဲ့သော ကျောက်တုံးကြီးများ ရွေ့လျားလှုပ်ရှားမှုများ ရှိနေတတ်သည်ကိုတွေ့ရသည်ဟု အိန္ဒိယ သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။



အဆိုပါနယ်မြေကို အမေရိကန် အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ လကမ္ဘာကင်းထောက် အာကာသယာဉ်က ၂၀၀၉ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကြား ဓာတ်ပုံများ ရိုက်ကူးခဲ့သည်။

**Ref : Xinhua News**

**Trs : KKO**

## စပေ့အိတ်ကုမ္ပဏီက စတားလင့်ဂြိုဟ်တု ၂၄ စင်း အောင်မြင်စွာလွှတ်တင်ခဲ့



**ဝါရှင်တန် စက်တင်ဘာ ၁၆**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ဂြိုဟ်တု ၂၄ စင်းကို စက်တင်ဘာ ၁၄ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် အကြိမ် ၃၀၀ မြောက် စတားလင့်မစ်ရှင်အဖြစ် စတားလင့်ဂြိုဟ်တု ၂၄ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး ၆၂ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသော စတားလင့်ဂြိုဟ်တု ၂၄ စင်းကို သတ်မှတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ပြီး အဆိုပါမစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၁၅ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်သည်။

အဆိုပါမစ်ရှင် အောင်မြင်မှုကြောင့် စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်အင်တာနက်ဝန်းဆောင်မှုဂြိုဟ်တုကွန်ရက်၌ ဝန်ဆောင်မှုပေးနေသည့်ဂြိုဟ်တု အစင်းပေါင်း ၈၃၀၀ ကျော်ထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## တရုတ်ရိုးရာအပ်စိုက်ကုထုံးက ခါးနာရောဂါ နာကျင်ကိုက်ခဲမှုများကို လျှော့ချပေးနိုင်

**နယူးယောက် စက်တင်ဘာ ၁၆**

တရုတ်ရိုးရာအပ်စိုက်ကုထုံးသည် ခါးနာရောဂါနာကျင်ကိုက်ခဲမှုများကို လျှော့ချပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ စက်တင်ဘာ ၁၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ထို့ပြင် အပ်စိုက်ကုထုံး တစ်ကြိမ်ခံယူပြီးနောက် ခါးနာရောဂါ နာကျင်ကိုက်ခဲမှု လျော့ပါးသက်သာလာခြင်း အကျိုးကျေးဇူးသည် တစ်နှစ်ထိ တည်တံ့ကြာမြင့်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏အဆိုအရသိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ခါးနာရောဂါကို ရေရှည်ခံစားနေရသည့် သက်ကြီးပိုင်းများ တရုတ်ရိုးရာအပ်စိုက်ကုထုံးဖြင့် စမ်းသပ်ကုသခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ အပ်စိုက်ကုထုံးကို တစ်ကြိမ်အပြည့်အဝခံယူထားသည့် ခါးနာလူနာများသည် ပုံမှန်ဆေးဝါးများဖြင့် ကုသမှုခံယူထားသူများထက် နာကျင်ကိုက်ခဲမှု ပိုမိုလျော့ပါးသက်သာသွားပြီး သွားလာလှုပ်ရှားမှုများလည်း ပို၍ကောင်းမွန်လာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အပ်စိုက်ကုထုံး တစ်ကြိမ်ခံယူမှု၏ အကျိုးကျေးဇူးမှာ တစ်နှစ်ကြာထိ တည်တံ့နေတတ်သည်ကိုလည်း တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## လူငယ်များတွင် အူအတက်ကင်ဆာ ဖြစ်ပွားမှု သိသိသာသာမြင့်တက်လာ

**နယူးယောက် စက်တင်ဘာ ၁၆**

လူငယ်များတွင် မည်သည့် အကြောင်းကြောင့်ဟူ၍ မသိရဘဲ အူအတက်ကင်ဆာရောဂါဖြစ်ပွားမှု သိသိသာသာမြင့်တက်လာကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ စက်တင်ဘာ ၁၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း မွေးဖွားလာသူ လူငယ်များတွင် အူအတက်ကင်ဆာရောဂါဖြစ်ပွားမှု သိသိသာသာမြင့်တက်လာကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း မွေးဖွားသူများတွင် အူအတတ်ကင်ဆာဖြစ်ပွားနှုန်းသည် ၁၉၄၀ ပြည့်နှစ်နောက်ပိုင်း မွေးဖွားသူများ၏ ဖြစ်ပွားနှုန်းထက် သုံးဆသို့မဟုတ် လေးဆထိပို့မြင့်မားနေသည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

အထူးသဖြင့် အူမကြီးကင်ဆာရောဂါပုံစံတစ်မျိုးဖြစ်သည့် အူအတက်ကင်ဆာသည် အသက် ၃၀ နှင့် ၄၀ ကြား လူငယ်များတွင် သိသိသာသာအဖြစ်များလာကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် လူငယ်များတွင် အူအတက်ကင်ဆာရောဂါဖြစ်ပွားမှု အဘယ်ကြောင့် မြင့်တက်လာရသည်ကို တိတိကျကျမသိရသေးကြောင်း၊ အူအတတ်ကင်ဆာရောဂါသည် ရှားပါးသည့်ကင်ဆာရောဂါဖြစ်ပြီး ၎င်းကင်ဆာရောဂါဖြစ်ပွားနှုန်းမှာ အူမကြီးကင်ဆာရောဂါဖြစ်ပွားမှုအားလုံး၏ သုည ဒသမ ၄ ရာခိုင်နှုန်းသာ ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# Abu Dhabi Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဖစ်ဇ်ပက်ထရစ်၊ ဟက်တန်၊ မက်အင်တိုင်ရီတို့ ပါဝင်ယှဉ်ပြိုင်မည်

**ဒူဘိုင်း စက်တင်ဘာ ၁၆**

ယူအေအီးနိုင်ငံတွင် နိုဝင်ဘာ ၆ ရက်မှ စတင်၍ ကျင်းပမည့် Abu Dhabi Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဖစ်ဇ်ပက်ထရစ်၊ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဟက်တန်၊ စကော့တလန် ဂေါက်သီးရိုက်ကစားသမား မက်အင်တိုင်ရီတို့က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဖစ်ဇ်ပက်ထရစ်သည် အမေရိကန်အသင်းနှင့်အတူ Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဟက်တန်နှင့် မက်အင်တိုင်ရီတို့က ဥရောပအသင်းနှင့်အတူ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

သက်ဆိုင်ရာအသင်း အားထားရသည့် ကစားသမားများဖြစ်ကြပြီး Abu Dhabi Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည် Ryder Cup ပြိုင်ပွဲအပြီးတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည့်အတွက် ပြိုင်ပွဲအတွက်လည်း ပြင်ဆင်ပြီးဖြစ်သည့် အခြေအနေဖြစ်သည်။

မက်အင်တိုင်ရီသည် ယခုနှစ် ဂေါက်သီးရိုက် ရာသီတွင် အကောင်းဆုံးပုံစံများ ပြသနေသူဖြစ်ပြီး ကမ္ဘာ့အဆင့်(၉) နေရာထိ တက်ရောက် ထားနိုင်သူလည်းဖြစ်သည်။

မက်အင်တိုင်ရီက “ကျွန်တော့်အနေနဲ့ ဒီနှစ် ဂေါက်သီးရိုက်ရာသီကို အရှေ့အလယ်ပိုင်းဒေသမှာ ကုန်ဆုံးခွင့်ရမှာ ဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်။ ဒီနှစ် ဂေါက်သီးရိုက်ရာသီမှာ အဓိကပြိုင်ပွဲကြီး နှစ်ရပ် ကျန်နေသေးတယ်။ ပထမပြိုင်ပွဲပြီးတာနဲ့ ကျွန်တော် ဒူဘိုင်းကို သွားမှာဖြစ်ပါတယ်။ ဒီနှစ်ရာသီအစပိုင်းမှာကတည်းက ကျွန်တော့်အနေနဲ့ ပြိုင်ပွဲတွေမှာ အကောင်းဆုံးပုံစံနဲ့ စတင်နိုင်ခဲ့သလို အရှေ့အလယ်ပိုင်းဒေသနဲ့ ပတ်သက်ပြီးတော့လဲ ကျွန်တော့်မှာ အမှတ်တရကောင်းတွေ အများကြီးရှိပါတယ်။ လက်ရှိ စွမ်းဆောင်ရည်ကို ဆက်လက်ထိန်းသိမ်းနိုင်ပြီးတော့ အရှေ့အလယ်ပိုင်းဒေသမှာလဲ ပုံစံကောင်း ဆက်လက်ပြသနိုင်မယ်လို့ ယုံကြည်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# စပါးအသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း အသင်းခေါင်းဆောင်ရိုမီရို ထုတ်ဖော်ပြောကြား

**လန်ဒန် စက်တင်ဘာ ၁၆**

နည်းပြသစ် ဖရန့်လက်ထက်တွင် အသင်းနှင့် ခြေစွမ်းပြသနိုင်ခဲ့သည့် အသင်းခေါင်းဆောင် ရိုမီရိုက စပါးအသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နွေရာသီ အပြောင်းအရွှေ့ကာလက ရိုမီရိုသည် အေတီကိုအသင်းသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့သော်လည်း အသင်းက ပယ်ချမှုကြောင့် အသင်းပြောင်းရွှေ့ခွင့်မရခဲ့ခြင်းဖြစ်သည်။

ယခုအခါ နည်းပြသစ် ဖရန့်က ၎င်းကို အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ကာ အဓိကကစားသမားအဖြစ် အသုံးပြုနေသောကြောင့် အသင်းမှ ထွက်ခွာမည့်အစီအစဉ်များကိုငြင်းပယ်ကာ အသင်းနှင့်ရေရှည် လက်တွဲသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ရိုမီရိုသည် စပါးအသင်းသို့ ၂၀၂၁ ခုနှစ်က ရောက်ရှိခဲ့ပြီးနောက် အသင်းတွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရသည့်အပြင် ဒဏ်ရာ မကြာခဏရရှိနေသဖြင့် ပရီးမီးယားလိဂ်မှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ကာ အေတီကိုအသင်းသို့ပြောင်းရွှေ့ရန် စီစဉ်ခဲ့ကြောင်း သိရသည်။

သို့သော် နည်းပြဖရန့် ရောက်လာချိန်တွင် ၎င်းကို ၂၀၂၉ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပြီး ကာလရှည် ဆက်လက်ထိန်းသိမ်းခဲ့သည်။

ခံစစ်ကစားသမား ရိုမီရိုသည် ယခုနှစ် ဘောလုံးရာသီ ပြိုင်ပွဲစုံ ငါးပွဲစလုံး ပါဝင်ကစားခွင့်ရခဲ့ပြီး သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML



# အာရှဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာဖူဆယ်အသင်းနှင့် မော်ဒိုက်အသင်း စတင်ကစားရမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

အာရှဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာဖူဆယ်အသင်းနှင့် မော်ဒိုက်အသင်း စတင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

အာရှဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် မြန်မာဖူဆယ်အသင်းသည် အုပ်စု(H)တွင် မော်ဒိုက်အသင်း၊ အာဖဂန်နစ္စတန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အဆိုပါအုပ်စုကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာဖူဆယ်အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၂ ရက် ညနေ ၄ နာရီတွင် မော်ဒိုက်အသင်းနှင့်လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက် ညနေ ၄ နာရီတွင် အာဖဂန်နစ္စတန်အသင်းနှင့်လည်းကောင်း အသီးသီးကစားမည်ဖြစ်သည်။

မြန်မာဖူဆယ် အသင်းသည် အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲပြီးလျှင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲကိုလည်း ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအတွက် ကွင်းဝင်ကြေးကို ငွေကျပ် ၃၀၀၀ သတ်မှတ်ထားပြီး ရုပ်သံထုတ်လွှင့်မှုအဖြစ် HTV Youtube Channel မှ တိုက်ရိုက်ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

STA

## အားကစားသတင်းအတိုအထွာများ

- လီဗာပူး ခံစစ်ကစားသမား ရော်ဘတ်ဆင်က နွေရာသီအပြောင်းအရွှေ့ကာလက အသင်းသို့ ကာကက်ဇ်ရောက်ရှိလာချိန်တွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း၌ ပွဲထွက်ခွင့်အတွက် ဆက်လက်ယှဉ်ပြိုင်လိုစိတ်ကြောင့် နည်းပြစလော့၏ယုံကြည်မှုကို ရယူနိုင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- လီဗာပူးအသင်းက ခေါ်ယူနိုင်ခြင်းမရှိသည့် ပဲလေ့စ်အသင်း ခံစစ်ကစားသမား ဂူဟီကို မန်ယူအသင်းက ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အလဲအထပ်ပြုလုပ်ရန် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။
- တိုက်စစ်မှူး အယ်ဗာရက်ဇ်သည် ဒူးဒဏ်ရာရရှိခဲ့သောကြောင့် လာမည့် ချန်ပီယံလိဂ်အဖွင့်ပွဲစဉ် ကစားမည့် ကစားသမား ၂၂ ဦးစာရင်းမှနုတ်ထွက်ခဲ့ရပြီး လာမည့် ပြိုင်ပွဲစုံ ငါးပွဲခန့် လွဲချော်နိုင်ကြောင်း သိရသည်။

ML

# မန်ယူအသင်းမှ တာဝန်ရှိသူများက ရလဒ်ဆိုးရွားနေသည့် နည်းပြ အာမိုရင်ကို ဆက်လက်ထောက်ခံကြောင်း ထုတ်ဖော်ပြောကြား

**မန်ချက်စတာ စက်တင်ဘာ ၁၆**

မန်ယူအသင်းသည် မန်စီးတီးအသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် ရှုံးပွဲ ထပ်မံကြုံတွေ့ခဲ့ရပြီးနောက် နည်းပြ အာမိုရင်သည် ရာထူးမှ ထုတ်ပယ်ခံရနိုင်ကြောင်း သတင်းထွက်ပေါ်လာချိန်တွင် အသင်းတာဝန်ရှိသူများက ဆက်လက်ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။



နည်းပြအာမိုရင်သည် ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ လေးပွဲကစားအပြီးတွင် ရမှတ်လေးမှတ်သာ ရရှိခဲ့သဖြင့် နှစ်ပေါင်း ၃၃ နှစ်အတွင်း ရလဒ်အဆိုးရွားဆုံး ဘောလုံးရာသီနှင့် ကြုံတွေ့ခဲ့ပြီးနောက် နည်းပြအာမိုရင်၏ အနာဂတ်မှာ မရေမရာမှုများရှိလာခဲ့ခြင်းဖြစ်သည်။

သို့သော် နည်းပြအာမိုရင်သည် မန်ယူအသင်းကို တာဝန်ယူခဲ့သည့် အမှတ်ပေးပွဲ ၃၁ ပွဲတွင် ၁၆ ပွဲ ရှုံးနိမ့်ခဲ့သော်လည်း အသင်းတာဝန်ရှိသူများက ၎င်းဘက်မှ ဆက်လက်ရပ်တည်ပေးခဲ့ပြီး လာမည့် ချဲလ်ဆီးအသင်းနှင့် ပွဲစဉ်အပါအဝင် ပွဲစဉ်အများအပြားကို ဆက်လက်စောင့်ကြည့်သွားမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မန်ယူအသင်းသည် အမှတ်ပေးပြိုင်ပွဲ လေးပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲ သရေရလဒ်သာ ရရှိခဲ့သဖြင့် ရမှတ်လေးမှတ်သာ ရရှိခဲ့သောကြောင့် အမှတ်ပေးဇယား အဆင့်(၁၄) နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုလက်ရည်ဆန်းစစ်မြားပစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၆**

၃၃ ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင် လေ့ကျင့်လျက်ရှိသော မြားပစ်အားကစားသမားများ၏ လက်ရည်ဆန်းစစ်မြားပစ်ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံမြားပစ်ကွင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆုပေးပွဲ အခမ်းအနားသို့ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးနှင့် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတောက်ထွန်း၊ဒေါက်တာမြတ်သူရစိုး၊ ဦးကျော်ငွေး၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူးဦးဝင်းထက်မွန်၊အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီးညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အမှုဆောင်များ တက်ရောက်ကြသည်။

လက်ရည်ဆန်းစစ် မြားပစ်ပြိုင်ပွဲ အစမ်းလေ့ကျင့်ပစ်ခတ်ခြင်းနှင့် ဗိုလ်လုပြိုင်ပွဲများကို ယှဉ်ပြိုင်ပြီး ဆုပေးပွဲအခမ်းအနားဆက်လက်ကျင်းပပြုလုပ်ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက Recurve တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် ပထမဆုရရှိသော သီဟထက်ဇော်၊ ဒုတိယဆုရရှိသော ကောင်းခန့်မော်၊ တတိယဆုရရှိသော ပြည့်စုံနှင်းတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတောက်ထွန်းက Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဇင်သူရိန်မှူးအားလည်းကောင်း၊အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီးညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက ဒုတိယဆုရရှိသောအောင်ကိုဦး၊ တတိယဆုရရှိသော စုစုလှိုင်တို့ကို လည်းကောင်း၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး ဦးဝင်းထက်မွန်က Recurve Mixed Team ပြိုင်ပွဲတွင် ပထမဆုရရှိသော သီဟထက်ဇော်၊ ပြည့်စုံနှင်း၊ ဒုတိယဆုရရှိသော ကောင်းခန့်မော်၊သီတာနွယ်တို့ကို လည်းကောင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးသူရစိုးက Compound Mixed Team ပြိုင်ပွဲတွင် ပထမဆုရရှိသော စုစုလှိုင်၊ အောင်ကိုဦးတို့ကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

STA

# နည်းပြတန်ဟတ်က အသင်းဟောင်း တွမ်တီးအသင်းကိုတာဝန်ယူရန် စီစဉ်

**အမ်စတာဒမ် စက်တင်ဘာ ၁၆**

လေဗာကူဆင်အသင်းမှ မကြာသေးမီက ထုတ်ပယ်ခံရသည့် နည်းပြတန်ဟတ်သည် အသင်းဟောင်း တွမ်တီးအသင်းကို ပြန်လည်တာဝန်ယူရန် စီစဉ်နေကြောင်း သိရသည်။

နည်းပြတန်ဟတ်သည် နယ်သာလန်ကလပ် အေဂျက်အသင်းကို ကိုင်တွယ်ခဲ့ရာတွင် အောင်မြင်မှုရယူနိုင်ခဲ့သဖြင့် မန်ယူအသင်းက ခေါ်ယူခြင်းခံရပြီးနောက် အသင်းကို အက်ဖ်အေဖလားတစ်လုံးရယူပေးခဲ့သော်လည်း ဒုတိယမြောက်ဘောလုံးရာသီတွင် အသင်းမှ ထုတ်ပယ်ခံရသည်။

ထို့နောက် နည်းပြတန်ဟတ်ကို လေဗာကူဆင်အသင်းက အလွန်ဆို၏နေရာတွင် အစားထိုးခဲ့သော်လည်း အဖွင့်ပွဲစဉ်နှစ်ပွဲ အပြီး ၎င်း၏နည်းစနစ်ပိုင်းကို သဘောမကျသည့်အတွက် လေဗာကူဆင်အသင်းတာဝန်ရှိသူများက ရာထူးမှထုတ်ပယ်ခဲ့သည်။

လက်ရှိတွင် နည်းပြတန်ဟတ် အနေဖြင့် မွေးရပ်မြေကလပ်အသင်းဖြစ်သည့် အသင်းဟောင်း တွမ်တီးအသင်းကို ပြန်လည် တာဝန်ယူရန်စီစဉ်နေပြီး တွမ်တီးအသင်း တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML



# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၇)တွင် ISPEအသင်းက ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၇)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ISPEအသင်းတို့ ကစားခဲ့ရာ ISPEအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန်ဖိအားပေးနိုင်ခဲ့ကာ ဂိုးသွင်းခွင့်များ ရရှိခဲ့ကြသော်လည်း အဆုံးသတ်ပိုင်းလိုအပ်ချက်များကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိသရေဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်းတွင်လည်း အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၅၂ မိနစ်တွင် ရွှေရည်ထွန်းက ISPEအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ISPE အသင်းက ရွှေရည်ထွန်း၏တစ်လုံးတည်းသော သွင်းဂိုးဖြင့် ရှမ်းယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့သည်။

မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၇)အဖြစ် စက်တင်ဘာ ၁၇ ရက် ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ YREOအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ဗြိတိန်ဂန္ထဝင်လက်ဝှေ့သမားကြီးရစ်ကီဟက်တန်၏ သေဆုံးမှုကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ဂရိတ်မန်ချက်စတာရဲတပ်ဖွဲ့ထုတ်ပြန်

**လန်ဒန် စက်တင်ဘာ ၁၆**

IBO ၊ WBC လိုက်ဝယ်သာဝိတ်တန်းတွင် ကမ္ဘာ့ချန်ပီယံခါးပတ်များအား ကာလရှည်ထိန်းသိမ်းနိုင်ခဲ့သည့် ဗြိတိန်လက်ဝှေ့လောက၏ အအောင်မြင်ဆုံးသောလက်ဝှေ့သမားစာရင်းတွင်ပါဝင်သူ ရစ်ကီဟက်တန်သည် စက်တင်ဘာ၁၄ရက်တွင် နေအိမ်၌ကွယ်လွန်ခဲ့ကြောင်း မိသားစုဝင်များက ယနေ့တွင် အတည်ပြုခဲ့သည်။

ရစ်ကီဟက်တန် အနေဖြင့် ကျန်းမာရေး အခြေအနေ ကောင်းမွန်နေသလို အသက်အရွယ်အားဖြင့်လည်း ကြံ့ခိုင်မှုကောင်းမွန်နေဆဲဖြစ်ပြီး နေအိမ်၌ ရုတ်တရက် ကွယ်လွန်ခဲ့ကြောင်းလည်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သေဆုံးရသည့်အကြောင်းရင်းကို စစ်ဆေးဖော်ထုတ်နေပြီး ရလဒ်ထွက်ပေါ်လာမှ တရားဝင်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်းလည်း ဂရိတ်မန်ချက်စတာရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

ရစ်ကီဟက်တန်သေဆုံးမှုနှင့်ပတ်သက်ပြီး ဗြိတိန်လက်ဝှေ့သမားများဖြစ်ကြသည့် တိုင်ဆန်ဖျူရီ၊ အန်တိုနီဂျိုရှုအာ၊ အမ်မာခန်းနှင့် အမေရိကန်လက်ဝှေ့သမား မေဝယ်သာ၊ ဖိလစ်ပိုင် လက်ဝှေ့သမား ပက်ကွီအိုတို့က ဝမ်းနည်းကြောင်းလူမှုကွန်ရက်များမှ တစ်ဆင့်ရေးသားဖော်ပြခဲ့ကြသည်။

အင်္ဂလန်နိုင်ငံ၏ ဂန္ထဝင်လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံထားရသူ ရစ်ကီဟက်တန်သေဆုံးမှုနှင့်ပတ်သက်ပြီး နာမည်ကြီး ဘောလုံးသမားများဖြစ်ကြသည့် ဝိန်းရွန်းနီကလည်းဝမ်းနည်းကြောင်း ထုတ်ဖော်ပြောကြားခဲ့သလို မန်စီးတီးဘောလုံးအသင်း၏ပရိသတ်တစ်ဦးဖြစ်သည့် ရစ်ကီဟက်တန်သေဆုံးမှုအား မန်ချက်စတာဒါဘီပွဲစဉ်တွင်လည်း ဝမ်းနည်းကြောင်း အထိမ်းအမှတ်ပြုလုပ်ခဲ့ကြသည်။


Ref : MSN

Trs : AZL

# Full Protein Caldas da Rainha Ladies Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ချက်တင်းနစ်မယ်ပလစ်စကိုဗာ အနိုင်ရရှိ

**ကယ်ဒက်စ်ဒါရိန်းဟာ စက်တင်ဘာ ၁၆**

ပေါ်တူဂီနိုင်ငံ ကယ်ဒက်စ်ဒါရိန်းဟာမြို့တွင် ကျင်းပနေသည့် Full Protein Caldas da Rainha Ladies Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ချက်တင်းနစ်မယ် ပလစ်စကိုဗာသည် ပြင်သစ်တင်းနစ်မယ် အန်ဒရီယန်ဂျာဗီ ထရိုင်မိုအား (၆-၁ ၊ ၄-၆ ၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဟောင်းပလစ်စကိုဗာသည် ဒဏ်ရာပြဿနာကြောင့် တစ်နှစ်ကျော်ခန့် အနားယူခဲ့ရသူဖြစ်ပြီး ဒဏ်ရာမှ ပြန်လည်သက်သာ လာခဲ့ပြီးနောက် ပွဲဦးထွက်အနေဖြင့် Full Protein Caldas da Rainha Ladies Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ပလစ်စကိုဗာသည် ဒဏ်ရာကြောင့် အနားမယူခင် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်မှာ ၂၀၂၄ ခုနှစ် US Open တင်းနစ်ပြိုင်ပွဲဖြစ်ပြီး ယင်းပြိုင်ပွဲအပြီးတွင် ဒဏ်ရာကြောင့် အနားယူခဲ့ရခြင်းဖြစ်သည်။

ပလပ်စကိုဗာက "မနှစ်ကနယူးယောက်မှာ ခြေချင်းဝတ်ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ပါတယ်။ လမ်းတောင် မလျှောက်နိုင်တော့လို့ Wheelchairနဲ့ သွားခဲ့ရတဲ့အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရတာပါ။ ကျွန်မရဲ့ ကစားသမားဘဝအတွက် စိတ်ပျက်စရာ အကောင်းဆုံးအခိုက်အတန့်ဖြစ်ပါတယ်။ဒဏ်ရာကိုစစ်ဆေးကြည့်တော့ အရိုးကျိုးသွားတာဖြစ်တဲ့အတွက် ခွဲစိတ်ကုသမှုခံယူပြီး ကာလရှည်အနားယူရမယ်လို့သိခဲ့ရတယ်။ အခုတော့ တစ်နှစ်ကျော်လောက် နားပြီးတော့ ဒဏ်ရာကနေ ပြန်လည်သက်သာလာခဲ့ပြီး ကျွန်မချစ်တဲ့ တင်းနစ်လောကမှာ ဆက်လက်ကျင်လည်ခွင့်ရခဲ့ပြီ ဖြစ်ပါတယ်။ ပွဲဦးထွက်မှာ အခုလိုအနိုင်ရလဒ်နဲ့ စတင်နိုင်ခဲ့လို့လဲ ဝမ်းသာမိပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis Infinity

Trs : AZL

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

မောင်စိန်အိ(နဘဲမြေ)

မြန်မာနိုင်ငံသည် ရေမြေသဘာဝမတူကွဲပြားသည့် ပထဝီအနေအထားများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသည့် တစ်မူထူးခြားသည့်ဝိသေသလက္ခဏာများ ပိုင်ဆိုင်ထားသည်။ ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံး နိုင်ငံတော်နှင့်အတူလက်တွဲ၍ တက်ညီလက်ညီ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သည်။

**စိုက်ပျိုးရေးကိုအခြေခံ**

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်သော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သည်။ ယခင်က စိုက်ပျိုးမွေးမြူရေးထုတ်ကုန်လုပ်ငန်းများ အားနည်းချက်ရှိခဲ့သဖြင့် ပို့ကုန်များ လျော့နည်းပြီး သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲမှုပိုမိုများပြားခဲ့သည်။ အထူးသဖြင့် သစ်တော သယံဇာတများ ထုတ်ယူသုံးစွဲမှုပိုများခဲ့ပြီး ပြန်လည်စိုက်ပျိုးထိန်းသိမ်းမှု အားနည်းခဲ့သည်။ ထို့ကြောင့် မြေပေါ်သယံဇာတများဖြစ်သည့် သစ်တောသစ်ပင်များစိုက်ပျိုးခြင်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်တွင် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industry) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ဟူသောအချက်ကို ချမှတ်ထားသည်။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အဓိကဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ထားခြင်းသည် နိုင်ငံတော်၏စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်သည်။

ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေးသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် တည်မှီနေပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည်လည်း စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်မှုအပေါ်တွင် မူတည်လျက်ရှိသည်။ ထို့ကြောင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ရည်မှန်းချက်ဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှသည် ကုန်ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးကို အလေးထားကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်သည်။

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း**

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများဆိုသည်မှာ စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့်သီးနှံများ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များ၊ အမျှင်များ၊ မွေးမြူရေးထွက်ပစ္စည်းများကို ကုန်ကြမ်းအဖြစ် အသုံးချပြီး တန်ဖိုးမြှင့်ကုန်ချောများ သို့မဟုတ် အခြားစက်မှုလုပ်ငန်းများအတွက် သွင်းအားစုများထုတ်လုပ်သည့်လုပ်ငန်းများပင်ဖြစ်သည်။ အဆိုပါ လုပ်ငန်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်ကုန်ကြမ်းများကို စားသောက်ကုန်အမျိုးမျိုး၊ အထည်အလိပ်များ၊ ဇီဝလောင်စာများအဖြစ်သို့ အသွင်ပြောင်းစေပြီး တန်ဖိုးကိုလည်း မူလကုန်ကြမ်းထက်များစွာတိုးမြှင့်သွားစေသည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ဖြစ်ပေါ်ရေး၊ မြို့ပြနှင့်အခြားပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ်သွားရောက်လုပ်ကိုင်မှုများ လျော့နည်းရေးတို့ကို များစွာ အထောက်အကူဖြစ်စေသည်။ အထူးသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေသည်။

စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းသည် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်စေရန်ကိုလည်း အထောက်အကူပြုလျက်ရှိသည်။ ထို့ပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံကုန်ထုတ်လုပ်ငန်းများသည် စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်ငန်းများမှ ထွက်ပေါ်လာသော ကုန်ကြမ်းများအတွက် ခိုင်မာသောဈေးကွက်များအဖြစ် ရပ်တည်ပေးလျက်ရှိသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် အလုပ်အကိုင်များကိုလည်း ဖန်တီးပေးနိုင်ရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများနှင့်ရပ်တည်နေရသော ကျေးလက်နေတောင်သူများ၏မိသားစုဝင်များအတွက် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေရလမ်းတို့ကို ဖြစ်ပေါ်စေသည်။ ထို့ပြင် ပြည်တွင်းသုံးစွဲရန် မရှိမဖြစ်လိုအပ်သော ပစ္စည်းများကို ထုတ်လုပ်ပေးခြင်းဖြင့် ပြည်ပသွင်းကုန်အပေါ်မှီခိုနေရမှုကိုလည်း လျှော့ချနိုင်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း ချွေတာနိုင်မည်ဖြစ်သည်။

**❖ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်သည်။ အထူးသဖြင့် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ဆင်းရဲမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်သည်။ ❖**

**ကုန်ထုတ်လုပ်မှုတိုးတက်ရေး**

အမှန်တော့ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျစိုက်ပျိုး ဆောင်ရွက်နိုင်ခြင်းသည် အထွက်နှုန်းများ ပိုမိုတိုးတက်လာစေမည်ဖြစ်သည်။ ထို့ပြင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့်လည်း ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်းဝယ်လိုအားနှင့် ရောင်းလိုအားများ တိုးတက်ကောင်းမွန်လာကာ ဒေသစီးပွားရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ကြောင့် အထွက်နှုန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းများ လုံလောက်ကောင်းမွန်စွာရရှိအောင် ဆောင်ရွက်သွားရန် လိုအပ်သည်။

ဆိုရလျှင် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်လိုသကဲ့သို့ မြေကောင်းမွန်မှုရှိစေရေး မြေပြုပြင်ခြင်းလုပ်ငန်းများနှင့် သဘာဝမြေဩဇာများကို အသုံးပြုရန်လည်း လိုအပ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများမှ သီးနှံအထွက်နှုန်းများ ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတွင်း ဆန်ဖူလုံလာမည်ဖြစ်ပြီး ဒေသထွက်သီးနှံများဖြစ်သည့် ဆီထွက်သီးနှံနှင့်ပဲမျိုးစုံကိုလည်း ပိုမိုတိုးတက် ထုတ်လုပ်လာနိုင်မည်ဖြစ်သဖြင့် ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ပစ္စည်းများဖြင့် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်သဖြင့် အဆိုပါတိရစ္ဆာန်အစာများကို အသုံးပြု၍ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို မွေးမြူနိုင်သည်။ ထိုသို့ မွေးမြူဆောင်ရွက်ခြင်းဖြင့် ဒေသစားရေရိက္ခာကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်သည်။ အလားတူ ဆန်စက်လုပ်ငန်းများ ကောင်းမွန် နေရန်လည်း လိုအပ်သည်။ ဆန်စက်များမှထွက်ရှိသည့် ဆန်ကွဲ၊ ဖွဲများဖြင့် တိရစ္ဆာန်အစာများ ပြုလုပ်၍ရသည်။ ဆီထွက်သီးနှံများမှ နှမ်းဆီ၊ ပဲဆီများ ထုတ်လုပ်နိုင်ပြီး ဆီစက်များမှထွက်ရှိသည့် နှမ်းဖတ်၊ ပဲဖတ်များဖြင့်လည်း တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသစီးပွားရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ အထူးသဖြင့် တစ်ဧကပန်းတိုင် အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ပြီး သီးထပ်စွမ်းအားများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုလျှင် တိုင်းပြည်တိုးတက်ရေးအတွက် များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

**ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေး**

နေကြာသီးနှံသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်သည်။ နေကြာဆီ ဖူလုံပိုလျှံခြင်းဖြင့် နိုင်ငံ၏စားသုံးဆီလိုအပ်ချက်ကို လျော့နည်းစေပြီးပြည်ပမှ စားအုန်းဆီ တင်သွင်းမှု လျှော့ချနိုင်သောကြောင့် နိုင်ငံခြားငွေသုံးစွဲမှု သက်သာစေနိုင်သည်။ လက်ရှိတွင် နှစ်စဉ် ပြည်ပမှ စားအုန်းဆီများ တင်သွင်းနေရသည့်အတွက် ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်ရန် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်း အထွက်တိုးအောင် စနစ်တကျ ဆောင်ရွက်သွားသင့်သည်။ နေကြာဆီသည် အရည်အသွေးကောင်းပြီး ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော စားသုံးဆီဖြစ်သည်။ နေကြာသီးနှံသည် ဈေးကွက်ဝင်သီးနှံဖြစ်သဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်ပါက တောင်သူများ ဝင်ငွေ တိုးတက်စေပြီး လူမှုစီးပွားဘဝတိုးတက်မြင့်မားလာမည်ဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးဆောင်ရွက်ရာတွင် မြေပဲဆီသည် ထုတ်လုပ်မှုစရိတ်များသည့်အတွက် စားသုံးသူများ လက်လှမ်းမီသည့်ဈေးနှုန်းဖြစ်စေရန် ဆီထွက်သီးနှံမျိုးစုံ တိုးချဲ့စိုက်ပျိုးသွားရန် လိုအပ်သည်။

**ဝါး၊ ဝါ၊ ရော်ဘာနှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ပြီး ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကို ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်ပြီး ချည်ထည်များကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံအနှံ့အပြားတွင် ဝါးများထွက်ရှိပြီး ဝါးပင်၏ သက်တမ်းသည် အများဆုံး ၁၀ နှစ်မှ အနှစ် ၂၀ ခန့်သာရှိ၍ အကျိုးရှိစွာအသုံးမပြုလျှင် လေလွင့်ဆုံးရှုံးသွားနိုင်သည်။ ထို့ကြောင့် ဒေသအလိုက် ဝါးမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး နိုင်ငံခြားဝင်ငွေရှာဖွေသွားနိုင်သည်။

အမှန်တော့ မြန်မာနိုင်ငံတွင် ဝါး၊ ဝါနှင့် ရော်ဘာတို့သည် စိုက်ပျိုးဖြစ်ထွန်းထွက်ရှိပြီး ပစ္စည်းများဖြစ်၍ အချိန်တိုအတွင်း ကုန်ချောနှင့်ရောင်းကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်သော လုပ်ငန်းများဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံမှထွက်ရှိသော ကော်ဖီသည် ကမ္ဘာပေါ်တွင် ရောင်းတန်းဝင်သည့် ကော်ဖီဖြစ်သည်။ ထို့ကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းများ တိုးတက်လာစေရေး အလေးထားဆောင်ရွက်ပြီး အလုပ်အကိုင်နှင့် အပိုဝင်ငွေများရရှိအောင် ဆောင်ရွက်သွားရန် လိုအပ်သည်။

အထူးသဖြင့် နိုင်ငံတော်အနေဖြင့် အဆိုပါလုပ်ငန်းများအတွက် လိုအပ်သောအရင်းအနှီး၊ နည်းပညာနှင့် လိုအပ်ချက်များကို ပံ့ပိုးကူညီသွားရန် အသင့်ရှိနေပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများအတွက် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး ရင်းနှီးမြှုပ်နှံရန်လိုအပ်သည့် ငွေကြေးများကိုလည်း ထုတ်ချေးပေးသွားရန် စီမံထားရှိပြီးဖြစ်သည်။ ထို့ကြောင့် ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေများရရှိနိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် ပြည်ပမှတင်သွင်းနေရသည့် ကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်၍ ပြည်ပသွင်းကုန်များ အစားထိုးနိုင်မည်ဖြစ်သည်။

**နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့**

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်သည်။ အထူးသဖြင့် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ဆင်းရဲမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်သည်။ ထိုသို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများ၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း လေ့လာဆောင်ရွက်သွားရန် လိုအပ်ပေသည်။

ဆိုရလျှင် မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်နိုင်ငံ ဖြစ်သည်နှင့်အညီ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေးအတွက် ကုန်ထုတ်လုပ်မှုတိုးတက်လာစေရန် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ နိုင်ငံ့စီးပွား မြင့်မားတိုးတက်ရေး၊ လူမှုဘဝ အဆင်ပြေချောမွေ့စေရေးတို့အတွက် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းကာ ထိထိရောက်ရောက်ဆောင်ရွက်သွားကြပါစို့ဟု အကြံပြုတိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ။**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (၁/၂၀၂၅) သရုပ်ဆောင်သင်တန်းဆင်းပွဲ အခမ်းအနားကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရွှေရတုခန်းမတွင် ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး (၁/၂၀၂၅) သရုပ်ဆောင် သင်တန်းဆင်းပွဲ အခမ်းအနားကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရွှေရတုခန်းမတွင် စက်တင်ဘာ ၁၅ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး သရုပ်ဆောင် ခန့်စည်သူထံမှ သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အလင်္ကာ ကျော်စွာစည်သူ ဦးကြည်စိုးထွန်း၊ နာယကကြီး ရုပ်ရှင်ဒါရိုက်တာ အလင်္ကာကျော်စွာ မောင်နှင်းမိုး၊ အတွင်းရေးမှူး သရုပ်ဆောင် ခန့်စည်သူ၊ နာယကကြီး သရုပ်ဆောင် ဦးတင်အောင်တို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

"ကျွန်တော်က (၁/၇၈) ခုနှစ်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဖွင့်လှစ်တဲ့သင်တန်းမှာ တက်ရောက် သင်ကြားခဲ့တဲ့သူပါ။ ခုတက်ရောက် သင်ကြားနေတဲ့ ကလေးတွေကို လာရောက် အားပေးတာပါ"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။

အဆိုပါ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး (၁/၂၀၂၅) သရုပ်ဆောင် သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းသား၊သင်တန်းသူ ၃၆ ဦးတို့ကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခြင်း၊ သင်တန်းပျက်ရက်မရှိ သင်ကြားတက်ရောက်ခဲ့သူများကို ဂုဏ်ပြုဆုပေးအပ်ခြင်း၊ အနုပညာစာမေးပွဲတွင် ပထမဆုမှပဥ္စမဆုထိရရှိသူ ငါးဦးတို့ကို ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ ဓာတ်ပုံအလှဆုရသူ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦးကို ဆုပေးချီးမြှင့်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ASH

# တေးသံရှင် ယွန်းမြတ်သူ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar တွင် ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၆**

တေးသံရှင် ယွန်းမြတ်သူ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်ရှိ Transporter Bar ၌ စက်တင်ဘာ ၂၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ယွန်းမြတ်သူထံမှ သိရသည်။

အဆိုပါ တေးသံရှင် ယွန်းမြတ်သူ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် Transporter Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပွဲပိုးကူညီ တီးခတ်ပေးသွားမည် ဖြစ်သည့်အပြင် Transporter Music Band ၏ ပင်တိုင် တေးသံရှင်များကလည်း အားဖြည့်ကူညီ သီဆိုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Transporter Bar မှာ လာမဲ့ စက်တင်ဘာ ၂၁ ရက် တနင်္ဂနွေည




မှာ ရှိနေပါမယ်။ Transporter ရဲ့ စင်မြင့်ထက်မှာ Transporter Music Band နဲ့ပင်တိုင် တေးသံရှင်တွေကလဲ အကောင်းဆုံး တီးခတ်သီဆိုသွားမှာဖြစ်ပါတယ်။ DJ Artists တွေရဲ့ အကြမ်းဆုံး Beats တွေနဲ့ အပြတ်လန်းရမဲ့အပြင် Dancers အချောလေးတွေကလဲ ပွဲပိုးအားဖြည့်ပေးမှာမို့ စက်တင်ဘာ ၂၁ ရက်ညကို မမေ့ဖို့တော့ လိုမယ်နော်"ဟု တေးသံရှင် ယွန်းမြတ်သူက ပြောပြ၍ သိရသည်။

တေးသံရှင် ယွန်းမြတ်သူ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar တွင် စက်တင်ဘာ ၂၁ ရက်ည ၇ နာရီတွင် စတင်ဖျော်ဖြေမည်ဟု သိရသည်။

ASH

# မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အောင်ခေတ်မင်းထုတ်လုပ်ရေးက အလှူငွေကျပ် ၁၁ သိန်း လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၆**

၁၀၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် ၄၈ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးက အလှူငွေကျပ် ၁၁ သိန်းကို စက်တင်ဘာ ၁၅ ရက်က လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် ၄၈ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရုပ်ကွက် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး (ဗဟို)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ အောက်တိုဘာ ၁၃ ရက်မှာ မြန်မာ့ရုပ်ရှင်နေ့နှင့်ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို အစဉ်အလာအတိုင်း ကျင်းပမှာဖြစ်ပါတယ်။ စက်တင်ဘာ ၁၅ ရက်မှာ အောင်ခေတ်မင်း ထုတ်လုပ်ရေးက ငွေကျပ် ၁၁ သိန်း၊ Bo Bo Film က ငွေကျပ် ၁၀ သိန်း၊ မဟာထုတ်လုပ်ရေးက ငွေကျပ် ၁၀ သိန်း လှူဒါန်းထားပါတယ်။ လက်ရှိ သက်ကြီးကန်တော့ခံတွေကို လူဦးရေတိတိကျကျဖြစ်အောင် ပြန်တွက်နေတာတွေရှိပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပခဲ့သည့် ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲတွင် သက်ကြီးရုပ်ရှင်အနုပညာရှင် ဦးရေ ၁၄၀ ကို ငွေသားနှင့်စားသောက်ကုန်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# All Day Happy Dance ဇာတ်ကား၌ ဘရုစ်ဒန်း၊နစ်စတဲ၊ စကော့တီသွမ်စန်တို့ ပါဝင်ထား

**နယူးယောက် စက်တင်ဘာ ၁၆**

All Day Happy Dance အမည်ရှိ ဒရာမာဇာတ်ကား၌ မင်းသား ဘရုစ်ဒန်း၊ နစ်စတဲနှင့် မင်းသမီး စကော့တီသွမ်စန်တို့ ပါဝင်ထားကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

All Day Happy Dance ဇာတ်ကားကို ဒါရိုက်တာ ဂျွန်ဖာစန်ဘူလီဗန်က တာဝန်ယူရိုက်ကူးနေကြောင်း သိရသည်။

လက်ရှိတွင် All Day Happy Dance ဇာတ်ကားသည် ရိုက်ကူးထုတ်လုပ်မှုအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် အမွှာညီအစ်ကို နှစ်ဦးအနက် တစ်ဦးမှာ စိတ်အားတက်ကြွလွန်ရောဂါခံစားနေရသည့် မိသားစုတစ်စု၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဂျွန်ဖရန့်စစ်ဆူလီဗန်က ရေးသားပေးထားသည်။

လက်ရှိတွင် All Day Happy Dance ဇာတ်ကားရိုက်မည့်အချိန်ကိုထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Heather of the Valley ဇာတ်ကား၌ မစ်ခဲ့ဘူးတော့နှင့်ဇူရေးဒက်ချန်နယ်တို့ ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၁၆**

Heather of the Valley အမည်ရှိ ဟာသဇာတ်ကား၌ မင်းသမီး မစ်ခဲ့ဘူးတော့နှင့် ဇူရေးဒက်ချန်နယ်တို့ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ ရှီရီအယ်ဝုဒ်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို အမျိုးသမီး ဇာတ်ညွှန်းရေးဆရာမ ကိတ်စပါဂျီယွန်က ရေးသားပေးထားသည်။

လက်ရှိတွင် Heather of the Valley ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Heather of the Valley ဇာတ်ကားကို စကော့တလန်နိုင်ငံ၌ ၂၀၂၆ ခုနှစ်တွင် စတင်ရိုက်ကူးရန် စီစဉ်ထားသည်။

Heather of the Valley ဇာတ်ကား၏ ထုတ်လုပ်သူအဖြစ် Elevation Pictures ကုမ္ပဏီက တာဝန်ယူထားကြောင်း သိရသည်။

လက်ရှိတွင် Heather of the Valley ဇာတ်ကားရုံတင်ပြသမည့်ရက်ကို မသိရသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing plants star-flower sapling at the third monsoon tree-planting ceremony for 2025 of Nay Pyi Taw, Union Territory


Senior General Min Aung Hlaing addresses the third monsoon tree-planting ceremony for 2025 of Nay Pyi Taw, Union Territory.

**Nay Pyi Taw September 16**

The third monsoon tree-planting ceremony for 2025 of Nay Pyi Taw, Union Territory took place near the premises of Maravijaya Buddha Image in Dekkhinathiri Township, Nay Pyi Taw, Union Territory this morning. Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing took part in the ceremony and planted a star-flower sapling.

Also present were Vice Chairman of the Commission Vice-Senior General Soe Win, Commission member Executive Chief U Aung Lin Dway, Commission Secretary Joint Executive Chief General Ye Win Oo, Commission members, union level dignitaries, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, civil servants including officers from the ministries, teachers and students of Naypyitaw State Academy, Naypyitaw State Polytechnic University, Government Technical Institute (Nay Pyi Taw), Forestry and Environmental Science University and basic education schools and officials.


Vice-Senior General Soe Win waters a sapling.

First, the Senior General delivered an address. He said the State is taking the leading role in holding tree-planting ceremonies with the aim of greening and beautifying the environment, improving and balancing the ecosystem, preventing natural disasters, improving climate in accord with the motto, **"Let us protect our environment for the prosperity of the Nation"** with the participation of the public.

At this ceremony 3000 shade-trees of 18 species that blossom colourful and aromatic flowers would be grown, and the ceremony is held under a special program. Trees are specifically planted in the premises where Maravijaya Buddha Image, world's tallest marble Buddha statue in sitting posture, is located. The venue is specially chosen to turn it into a luxuriant and fragrant worshiping place, with masses of blossoming flowers. Eighteen species including gumkino, star-flower, gangkao, sal tree, neem, sakawa, Panamanian laburnum and swedaw would be planted.

A special event of this year is the simultaneous holding of the first national-level tree-planting ceremony for greening the 13 arid districts that are in Sagaing, Magway and Mandalay regions as a mass movement on 11 July. The movement grew nearly 35,000 saplings in 29 townships.


Senior General Min Aung Hlaing waters a star-flower sapling.

At the second movement, 1000 trees of seven species were grown on both sides along Minbu-Padan-An road on 19 August. The Ministry of Natural Resources and Environmental Conservation had also planted a total of 21.879 million trees including at the State-own plantations in the entire country this monsoon. It is so encouraging.

**Trees and forests are the one and only ecosystem that produce oxygen for life on earth including humans. So, they are hailed as the life supporting system**. Woods also mitigate global warming and climate change and prevent natural disasters. As the flora also provides ecosystem services, which are soil and water preservation and food sufficiency, systematic growing and management of trees will definitely support and benefit the environmental greening activities and sustainable national development.

In order to increase forest coverage across the nation, efforts must be made to successfully implement plans such as the Myanmar Forests Rehabilitation Plan, the Greening Project for 13 Tropical Districts, and the Integrated Management Plan for Coastal Mangrove Forests, in line with the set objectives. Similarly, for rural populations, two-acre plantations per village, village fuelwood plantations, and multi-purpose plantations must be established. Shade trees and small forest patches must be planted along the sides of roads, including the ASEAN roadside, Union highway roadside, and the Yangon-Mandalay Expressway roadside. Furthermore, the planting and maintenance of trees along railway lines, on bare hills and mountain tops, in watershed areas of rivers and streams, and in natural water source areas must be accelerated and implemented.

*See Page 13*

# Cultivation of rainfed sesame exceeds target cultivation in Myinmu Township



A newly cultivated sesame plantation.

**Myinmu September 16**

Local farmers have planted rainfed sesame on the expanded sown acreage in Myinmu Township of Sagaing Region, according to the Sagaing District Agriculture Department.

For the 2025-2026 monsoon cropping season, it has been planned to cultivate 19,050 acres of rainfed sesame in Myinmu Township. Cultivation began in May this year, and as of today, 19,052 acres have already been planted.

"This year, in Myinmu Township, 19,050 acres of rainfed sesame were planned for cultivation. As of today, 19,052 acres have been cultivated, which is already beyond the target acreage. Efforts are being made to expand sesame cultivation, to achieve good yields, and to encourage cultivation under GAP practices," said Daw Thida Lwin, Head of the Sagaing District Agriculture Department.

It is learned that this year the Myinmu Township Agriculture Department is providing farmers with awareness to expand sesame cultivation, to adopt proper cultivation techniques, to apply GAP methods, to use quality pure seeds, and to grow high-yielding varieties for better productivity.

Crops produced under GAP methods are of higher quality than those grown with conventional practices. They can fetch higher prices and have the advantage of being marketed not only domestically but also internationally. As a result, farmers practicing GAP cultivation are expected to achieve greater economic benefits, improving their social and economic livelihoods. 206

# More than 7,000 acres of vegetables planted in Sagaing Township

**Sagaing September 16**

Statistics of Sagaing Township Agriculture Department of Sagaing Region stated that local farmers have planted 7,110 acres of vegetables as monsoon crops in Sagaing Township.

For the 2025–2026 monsoon cropping season, it has been planned to cultivate 24,330 acres of vegetables in Sagaing Township. Cultivation began in May this year, and as of today, 7,110 acres have already been planted against the target cultivation.

"This year, for the monsoon season, over 24,000 acres of vegetables are planned for cultivation in Sagaing Township. Up to now, more than 7,000 acres have already been cultivated. Efforts are being made to meet the planned acreage. The crops include mustard, chili, coriander, potato, cauliflower, eggplant, and cabbage. Farmers are being provided with technology to cultivate all vegetables under the GAP system. They are also being trained to minimize chemical residues and ensure that the crops produced are safe and healthy," said U Myo Thet Aung, Head of the Sagaing Township Agriculture Department.

It is learned that this year the Township Agriculture Department is providing training courses for vegetable farmers to apply GAP methods, as well as technical guidance to ensure that the vegetables grown are safe and meet health standards. Support is also being given to encourage farmers to expand vegetable cultivation.

In Sagaing Township, a variety of vegetables are grown seasonally each year. The vegetables cultivated have been successful, generating household income. To ensure continued success, the Township Agriculture Department is providing farmers with knowledge on proper cultivation practices, pest prevention, and the use of natural fertilizers, organic pesticides, and bio-insecticides.

206

# Plan underway to grow more than 5,000 acres of black gram in Kalay District

**Kalay September 16**

Statistics of Kalay District Agriculture Department mentioned that local authorities of Kalay District earmarked cultivation of 5,433 acres of black gram as cold season crops in Kalay District of Sagaing Region this year.

In 2025-26 winter cultivation season, local authorities earmarked cultivation of 683 acres of black gram in Kalay Township, 1,900 acres in Kalewa Township and 2,850 acres in Mingin Township, totalling 5,433 acres.

"This year, for the coming winter cropping season, it is planned to cultivate over 5,000 acres of black gram in Kalay District. Efforts will be made to fully meet the target acreage. During the black gram cultivation period, necessary technologies, quality seeds, and pest and disease prevention methods will be provided through field-level supervision," said U Aung, Head of the Kalay District Agriculture Department.

It is learned that the Township Agriculture Departments in Kalay District will provide farmers cultivating black gram with knowledge on using quality and pure seeds suited to the region, applying proper cultivation methods, preventing pest infestations, making systematic use of fertilizers, and achieving higher yields.

This year, during the monsoon cropping season, for the cultivation of various pulses, the respective Township Agriculture Departments are cooperating with farmers to provide quality pure seeds, inputs, and post-harvest technologies needed to improve both the yield and quality of pulse crops. 206

*From Page 12*

In reality, tree planting is not just for festivals and ceremonies like this; it is an existing routine and traditional practice in nature. If every individual, family, or organization annually plants and nurtures as many trees as they can—one, two, three, etc.—to ensure survival in their home compounds, around their houses, in their wards/villages, around their farms, around their factories and workshops, and in any reachable places, then our goal of achieving 50% forest coverage in the country, along with the development of forests and trees and greening efforts, will undoubtedly progress. This task is a routine activity, not overly burdensome, and does not involve great hardship. If we do it and can do it, it will be a highly beneficial and meritorious act. I would like to mention that **today's tree planting ceremony aims to eternally honor the Lord Buddha by planting perennial trees rich in colour, appearance, and fragrance; therefore, I urge everyone to make special efforts to ensure they survive and thrive.**

In accordance with the national policy of "Let's protect our environment for the prosperity of the Nation," I urge that, including the Nay Pyi Taw Council area, continuous emphasis be placed on increasing the planting and establishment of trees and forests, green and lush forest landscapes, and green spaces in urban and rural areas across the nation. Everyone, every household, every village, and every ward must be mobilized to plant trees. All must collectively nurture and maintain every tree planted at the cost of time, manpower, and money, ensuring each one survives. I encourage all citizens to participate collaboratively in the systematic planting, maintenance, and management of trees and forests across the country as a national duty.

Following this, Senior General Min Aung Hlaing led the planting of a star-flower sapling in the designated area.

Subsequently, Vice-Senior General Soe Win, Commission Member Executive Chief U Aung Lin Dway, Commission Secretary Joint Executive Chief General Ye Win Oo, Union-level officials, Union Ministers, invited distinguished guests, students, and responsible personnel from ministries and departments planted saplings simultaneously.

Afterwards, the Senior General toured the site, encouraging the participants who were cheerfully planting the saplings at the 2025 Third Monsoon Tree Planting Ceremony.

At today's ceremony, 3,000 saplings of 18 tree species, including shade trees that bloom with colorful and fragrant flowers such as Padauk, star-flower, Gangaw, Ingyin, neem, Sagawa, Panama Ngu, and Bauhinia acuminata, were planted cheerfully together in a public movement. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဩစတြေးလျနိုင်ငံက နျူကလီးယားရေငုပ်သင်္ဘောကျင်းအတွက် ကန်ဒေါ်လာ ရှစ်ဘီလီယံသုံးစွဲမည်



ဩစတြေးလျနိုင်ငံ အစိုးရသည် အနာဂတ်တွင် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောအုပ်အတွက် သင်္ဘောကျင်း တည်ဆောက်ရေးကို အဆင့်မြှင့်တင်ရန် ကနဦးအနေဖြင့် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံ သုံးစွဲသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်ဟု The Defense Post သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုကို အနောက်ဩစတြေးလျပြည်နယ် ပေါ့သ်မြို့ရှိ သင်္ဘောတည်ဆောက်ရေးနှင့် ကြံ့ခိုင်ထိန်းသိမ်းရေးဇုန်ကို ပြောင်းလဲပစ်ရန် ဆယ်စုနှစ်တစ်ခုကြာ အသုံးပြုသွားမည်ဖြစ်ကြောင်း ဩစတြေးလျ ကာကွယ်ရေးဝန်ကြီး ရစ်ချတ်မာလစ်က ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် ဩစတြေးလျရေတပ်ကို နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများတပ်ဆင်ရန်အတွက် ဗြိတိန်၊ အမေရိကန်တို့နှင့်အတူ ၂၀၂၁ ခုနှစ်တွင် AUKUS စီမံကိန်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် ပေါ့သ်မြို့ရှိ ဟင်ဒါဆန်ကာကွယ်ရေးဇုန်၌ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံ ရေတပ်စွမ်းအားများ တိုးချဲ့တည်ဆောက်ရန် လုပ်ဆောင်နေခြင်းသည် ပစိဖိတ်သမုဒ္ဒရာ တစ်လျှောက် တိုးချဲ့လာနေသော ပြိုင်ဘက်နိုင်ငံများ၏ စစ်ရေးစွမ်းအားများကို ရင်ဆိုင်နိုင်ရန်အတွက် ဩစတြေးလျ၏ တာဝေးတိုက်ခိုက်နိုင်စွမ်း အဆင့်မြှင့်တင်ရန် အဓိက စစ်ရေး အင်အားစုများ ပြန်လည်ဖွဲ့စည်းမှု၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများကို ဝန်ဆောင်မှုပေးနိုင်မည့် အခြေခံအဆောက်အအုံမရှိသေးသော ဩစတြေးလျနိုင်ငံသည် လာမည့် ၁၅ နှစ်အတွင်း အမေရိကန်ထုတ် Virginia-class ရေငုပ်သင်္ဘော အနည်းဆုံးသုံးစီးကို ရရှိပိုင်ဆိုင်နိုင်ရန် ရည်ရွယ်ထားပြီး နောက်ပိုင်းတွင် ကိုယ်ပိုင်ရေငုပ်သင်္ဘောများ ထုတ်လုပ်သွားရန်လည်း ရည်မှန်းထားကြောင်း သိရသည်။

"ဟင်ဒါဆန်ရေတပ်စခန်းဟာ AUKUS စီမံကိန်းတစ်ခုဖြစ်ပြီး ကျွန်တော်တို့ရဲ့ အနာဂတ်ရေငုပ်သင်္ဘောတွေကို ထိန်းသိမ်းပြုပြင်သွားမဲ့နေရာ ဖြစ်ပါတယ်။ ဒီဆုံးဖြတ်ချက်ကို အမေရိကန်နဲ့ ဗြိတိန်နိုင်ငံတို့က ကြိုဆိုမယ်လို့ကျွန်တော် ယုံကြည်ပါတယ်။ ဘာလို့လဲဆိုတော့ ဒါဟာ AUKUS စီမံကိန်းလမ်းကြောင်းပေါ်က နောက်ထပ်ခြေလှမ်းတစ်ခုဖြစ်နေလို့ပါပဲ" ဟု ကာကွယ်ရေးဝန်ကြီး ရစ်ချတ်မာလစ်က ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုသည် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများကိုထိန်းသိမ်းနိုင်ရန်အတွက် လုံခြုံရေးမြင့်မားသည့် သင်္ဘောကျင်းများအပြင် ကမ်းတက်ယာဉ်များ၊ ဂျပန်နိုင်ငံထုတ် Mogami-class ဖရီးဂိတ်စစ်ရေယာဉ်များကို တည်ဆောက်နိုင်မည့် စက်ရုံများနှင့် ဟင်ဒါဆန်ရေတပ်စခန်းတွင် တပ်ဆင်ပေးသွားနိုင်မည်ဖြစ်ကြောင်း ဩစတြေးလျ ကာကွယ်ရေးဝန်ကြီး ရစ်ချတ်မာလစ်၏ ပြောကြားချက်များအရ သိရသည်။

အမေရိကန်နိုင်ငံအနေဖြင့်လည်း ၎င်း၏ ကိုယ်ပိုင်နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများကို ကြံ့ခိုင်ထိန်းသိမ်းရန်အတွက် အဆိုပါသင်္ဘောကျင်းကိုပင် အသုံးပြုသွားလိမ့်မည်ဟု မျှော်မှန်းရသည်။ ဟင်ဒါဆန်ကာကွယ်ရေးဇုန်ကို တည်ဆောက်ရန် စုစုပေါင်းကုန်ကျစရိတ်သည် ဩစတြေးလျဒေါ်လာ ၂၅ ဘီလီယံထိ ရောက်ရှိသွားနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ အဆိုပါသင်္ဘောကျင်း တိုးချဲ့ရေးသည် ဩစတြေးလျနိုင်ငံ၏ ကာကွယ်ရေး အဆင့်မြှင့်တင်မှုများထဲမှ နောက်ဆုံးတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**Australia to Spend $8B on Nuclear Sub Shipyard Facility ကို ဘာသာပြန်ဆိုထားပါသည်။**

## ဗြိတိန်တော်ဝင်ရေတပ်က Malloy T-150 နှင့် Peregrine မောင်းသူမဲ့ယာဉ်တို့ကို တပ်ဖြန့်အသုံးပြုရန်အဆင်သင့်ဖြစ်နေကြောင်း ကြေညာခဲ့

ဗြိတိန်တော်ဝင်ရေတပ်သည် Malloy T-150 မောင်းသူမဲ့လေယာဉ်နှင့် Peregrine မောင်းသူမဲ့ရဟတ်ယာဉ်တို့ကို ရှေ့တန်းစစ်ဆင်ရေးများအတွက် တပ်ဖြန့်အသုံးပြုရန် အသင့်ဖြစ်နေကြောင်း ကြေညာခဲ့သည်ဟု The Defense Post သတင်းဌာနက စက်တင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Malloy Aeronautics ကုမ္ပဏီသည် T-150 ကို တော်ဝင်ရေတပ်နှင့်အတူ ပူးပေါင်းတည်ဆောက်ခဲ့သည်။ ယခုအခါ ၎င်းကို မိုးလေဝသအခြေအနေမျိုးစုံနှင့် ရှုပ်ထွေးနက်နဲသော မြေပြင်အနေအထားများတွင် တော်ဝင်ရေတပ်၊ ကွန်မန်ဒိုတပ်ဖွဲ့သို့ ဆေးဝါးနှင့်ခဲယမ်းမီးကျောက်များအပါအဝင် ရိက္ခာအမျိုးမျိုး ပို့ဆောင်ရန်အတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဗြိတိန်တော်ဝင်ရေတပ်သည် ပြင်သစ်ကုမ္ပဏီ Thales နှင့် ဩစတြီးယားကုမ္ပဏီ Schiebel တို့နှင့် ပူးပေါင်း၍ Peregrine မောင်းသူမဲ့ရဟတ်ယာဉ်ကို တည်ဆောက်ခဲ့ပြီး ရေတပ်စစ်သင်္ဘောများ၏ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်ရေးစွမ်းဆောင်ရည်များကို တိုးချဲ့ရန်အတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ဤသို့ ထုတ်ပြန်ကြေညာချက်သည် သက်ဆိုင်ရာ မောင်းသူမဲ့လေယာဉ်များ၏ စမ်းသပ်မှုများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။ "ကျွန်တော်တို့ရဲ့ T-150 မောင်းသူမဲ့လေယာဉ်ကို စတင်အသုံးပြုခွင့်ပေးတာဟာ ကျွန်တော်တို့ အရမ်းဂုဏ်ယူရတဲ့ မှတ်တိုင်တစ်ခုပါပဲ" ဟု ဗြိတိန်ကုမ္ပဏီ Malloy Aeronautics ၏ အမှုဆောင် အရာရှိချုပ် (CEO) Neil Appleton က ပြောကြားခဲ့သည်။

"Thales နဲ့ Schiebel ကုမ္ပဏီအနေနဲ့ Peregrine မောင်းသူမဲ့ရဟတ်ယာဉ်ရဲ့ စွမ်းဆောင်ရည်တွေကို ပံ့ပိုးပေးနိုင်ဖို့အတွက် တော်ဝင်ရေတပ်နဲ့ ပူးပေါင်းခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်" ဟု Thales ကုမ္ပဏီ ISR Business Line ဒုတိယဥက္ကဋ္ဌ Marie Gayrel ကလည်း ထပ်လောင်းပြောကြားခဲ့သည်။



T-150 မောင်းသူမဲ့လေယာဉ်သည် ပန်ကာရှစ်ခုတပ်ဆင်ထားပြီး ပေါင် ၁၅၀ ထိ အလေးချိန်ရှိသော ပစ္စည်းများကို သယ်ယူပို့ဆောင်နိုင်သည်။ ထို့ကြောင့် ရေပြင်တွင် ရိက္ခာဖြည့်တင်းခြင်းအပါအဝင် မစ်ရှင်အမျိုးမျိုးအတွက် သင့်လျော်သည်။ ၎င်းကို လူနှစ်ဦးက ထိန်းချုပ်မောင်းနှင်ပြီး တစ်နာရီလျှင် မိုင် ၆၀ နှုန်းဖြင့် ပျံသန်းနိုင်သည်။ သယ်ဆောင်လာသည့် ပစ္စည်းအလေးချိန်နှင့် ရာသီဥတုအခြေအနေပေါ်မူတည်ပြီး အကွာအဝေး ငါးမိုင်မှ ၂၈ မိုင်ထိ ပျံသန်းတာဝန်ထမ်းဆောင်နိုင်သည်။ ယခုလအစောပိုင်းတွင် ပြုလုပ်ခဲ့သော စမ်းသပ်မှုတစ်ခုတွင် တော်ဝင်ရေတပ်သည် T-150 မောင်းသူမဲ့လေယာဉ်ကိုအသုံးပြု၍ စစ်သင်္ဘောနှစ်စီးကြား ထောက်ပံ့ရေးပစ္စည်းများ ပထမဆုံးအကြိမ် ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် Peregrine မောင်းသူမဲ့ရဟတ်ယာဉ်ကို HMS Lancaster (F229) ဖရီးဂိတ်စစ်သင်္ဘောမှ အရှေ့အလယ်ပိုင်းဒေသတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမစ်ရှင်အတွက် ပထမဆုံးအကြိမ် အသုံးပြုခဲ့သည်။ Peregrine ကို စတင် တာဝန်ထမ်းဆောင်စေနိုင်ခြင်းသည် "ကျွန်တော်တို့ ရေတပ်အတွက် အရာရာကို ပြောင်းလဲစေမှာပါ။ HMS Lancaster ဖရီးဂိတ်စစ်ရေယာဉ်နဲ့အတူ အောင်မြင်စွာ တာဝန်ထမ်းဆောင်နိုင်ခဲ့တာက မောင်းသူမဲ့စနစ်တွေဟာ စစ်ဆင်ရေးဆိုင်ရာအကျိုးကျေးဇူးတွေ ဘယ်လောက်ထိ ပေးစွမ်းနိုင်တယ်ဆိုတာ ပြသနေပါတယ်။ ဒါ့ပြင် ကျွန်တော်တို့ရဲ့ ထောက်လှမ်းရေးနယ်ပယ်ကို ပိုမိုကျယ်ပြန့်စေပြီး စစ်မြေပြင်မှာ ဆုံးဖြတ်ချက်ချနိုင်မှုတွေကိုလဲ ပိုမိုမြှင့်တင်ပေးနိုင်ပါတယ်" ဟု ရေတပ်ဖွံ့ဖြိုးရေးဌာန၏ ရေတပ်ဆိုင်ရာလေကြောင်းနှင့် Carrier Strike အကြီးအကဲ ကပ္ပတိန် Dave Gillett က ပြောကြားခဲ့သည်။

**Royal Navy Declares T-150, Peregrine Drones Ready for Frontline Operations ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

**ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အရောင်အသွေးစုံလင်ပြီး ရနံ့မွှေးပျံ့သော ပန်းများပွင့်သည့် အရိပ်ရသစ်မျိုးများဖြစ်သော ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ တမာ၊ စံကားဝါ၊ ပနားမားငု၊ စွယ်တော်အပါအဝင် သစ်မျိုး ၁၈ မျိုး ပျိုးပင်ပေါင်း ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ . . .**

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊Naypyitaw State Academy၊ Naypyitaw State Polytechnic University၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတ ကောင်းမွန်စေရေးစသည့် ရည်ရွယ်ချက်ကောင်းများနှင့် နိုင်ငံတော်ကဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် အရောင်အသွေးစုံလင်ပြီး ရနံ့မွှေးပျံ့သော ပန်းများပွင့်သည့် အရိပ်ရသစ်မျိုး ၁၈ မျိုး အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယနေ့စိုက်သည့် နှစ်ရှည်ပင်များသည် အထူးအစီအစဉ်ဖြင့် စိုက်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး၊ အကြီးဆုံးဖြစ်သည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားသည့် ပရိဝုဏ်တော်ထဲတွင် သီးခြားစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ၁၂ လရာသီ ပန်းရနံ့များဖြင့် ဝေဆာစွာရှိနေစေရန် ပူဇော်နိုင်အောင် ရည်မှန်းပြီး သီးသန့်ရွေးချယ်စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ တမာ၊ စံကားဝါ၊ ပနားမားငု၊ စွယ်တော်အပါအဝင် ၁၈ မျိုး စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း။

ယခုနှစ်တွင် ထူးခြားချက်မှာ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကို ဇူလိုင် ၁၁ ရက်က နိုင်ငံတော်အဆင့်အနေဖြင့် ပထမဆုံးအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်ပြိုင်တည်းကျင်းပ စိုက်ပျိုးခဲ့ကြကြောင်း၊ မြို့နယ် ၂၉ မြို့နယ်တွင် သစ်ပင်ပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း။

ဒုတိယအကြိမ်အဖြစ် ဩဂုတ် ၁၉ရက် မင်းဘူးမြို့နယ် မင်းဘူး-ပဒါန်း-အမ်းကားလမ်းဘေးတစ်လျှောက်တွင် သစ်မျိုးခုနစ်မျိုး သစ်ပင်ပေါင်း ၁၀၀၀ စိုက်ပျိုးခဲ့ကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကလည်း ယခုနှစ်မိုးရာသီတွင် နိုင်ငံတစ်ဝန်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်စုစုပေါင်း ၂၁ ဒသမ ၈၇၉ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့သည်ကို သိရသည့်အတွက် ကျေနပ်အားရဝမ်းသာမိသည်ကို ပြောကြားလိုကြောင်း။

**သစ်ပင်သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်တွင်ရှိသည် သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသော ဂေဟစနစ်**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပနေမှုကို တွေ့ရစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

စိုပြည်ရေးသည် မလွဲမသွေတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကိစ္စသည် လုပ်ရိုးလုပ်စဉ်အလုပ်လည်းဖြစ်၊ ပင်ပင်ပန်းပန်းလည်းမဟုတ်၊ ဆင်းရဲဒုက္ခမများသဖြင့်လုပ်ကြမည်၊ လုပ်နိုင်ကြမည်ဆိုပါက အလွန်အကျိုးရှိသောကုသိုလ်ရမည့်လုပ်ဆောင်မှု ဖြစ်လိမ့်မည်ကို ပြောကြားလိုကြောင်း၊ **ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲသည် မြတ်စွာဘုရားကို ထာဝရပူဇော်နိုင်ရန်ရည်ရွယ်ပြီး အရောင်၊ အဆင်း၊ အနံ့နှင့်ပြည့်စုံသည့် နှစ်ရှည်ပင်များကို စိုက်ပျိုးခြင်းဖြစ်သည့်အတွက်ကြောင့် ရှင်သန်ဖြစ်ထွန်းအောင် အထူးစေတနာထားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။**

**“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”**ဆိုသည့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် နိုင်ငံတစ်ဝန်းမြို့ပြများနှင့် ရပ်ရွာ၊ ကျေးလက်ဒေသအသီးသီးတွင် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်း (Landscape)များ၊ အစိမ်းရောင်ဧရိယာ (Green Space) များကို စဉ်ဆက်မပြတ် တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ လူတိုင်းလူတိုင်း၊ အိမ်ထောင်စုတိုင်း၊ ကျေးရွာ၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးကြရေး စည်းရုံး**ဖြစ်သည့်အတွက် အသက်ပံ့ပိုးမှုစနစ် (Life Supporting System)အဖြစ် သတ်မှတ်ထား**ကြောင်း၊ ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးကြောင်း၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး၊ စားရေရိက္ခာဖူလုံရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးသည့်အတွက် စနစ်တကျစိုက်ပျိုးခြင်း၊ စီမံအုပ်ချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို သေချာပေါက် အထောက်အကူပြု အကျိုးရှိစေမည်ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ကမ်းရိုးတန်းဒီရေတောများ ဘက်စုံစီမံအုပ်ချုပ်ခြင်းစီမံကိန်းစသည့် စီမံကိန်းများကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ ကျေးလက်ဒေသ ပြည်သူများအတွက် တစ်ရွာ နှစ်ဧကစိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ခြင်း၊ အာဆီယံလမ်းဘေးဝဲယာ၊ ပြည်ထောင်စုလမ်းမကြီးဘေးဝဲယာ၊ ရန်ကုန်-မန္တလေးအမြန်လမ်းဘေးဝဲယာအပါအဝင် ကားလမ်းများ၏ဘေးဝဲယာများတွင် အရိပ်ရအပင်များ၊ တစ်အုပ်တစ်မသစ်တောငယ်များ စိုက်ပျိုးတည်ထောင်သွားကြရမည် ဖြစ်ကြောင်း၊ ထို့ပြင် ရထားလမ်းဘေးဝဲယာတစ်လျှောက်နှင့်သစ်ပင်သစ်တောကျဲပါးသည့်တောင်ကုန်းတောင်ထိပ်များ၊ မြစ်ချောင်းများ၏ ရေဝေရေလဲဧရိယာများနှင့် သဘာဝရေထွက်ဧရိယာများတွင် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းခြင်းတို့ကို အရှိန်အဟုန်ဖြင့်ဆက်လက် အကောင်အထည်ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

အမှန်တကယ်မှာ သစ်ပင်စိုက်ပျိုးခြင်းသည် ယခုကဲ့သို့ပွဲတော်များ၊ အခမ်းအနားများနှင့် စိုက်ပျိုးခြင်းထက် လုပ်ရိုးလုပ်စဉ်မိရိုးဖလာသဘာဝတွင်လည်း ရှိပြီးသားကိစ္စဖြစ်ကြောင်း၊ မိမိအိမ်ဝင်းခြံထဲ၊ အိမ်ပတ်ဝန်းကျင်၊ မိမိရပ်ရွာဝန်းကျင်၊ မိမိလယ်ယာပတ်ဝန်းကျင်၊ မိမိစက်ရုံအလုပ်ရုံဝန်းကျင်၊ လက်လှမ်းတမီနေရာများတွင် တစ်ဦးချင်းကဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ပင်၊ နှစ်ပင်၊ သုံးပင်စသည်ဖြင့် တတ်နိုင်သလောက် ရှင်သန်အောင် နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးထူထောင်သွားကြမည် ဆိုပါက မိမိတို့ရည်မှန်းသည့် နိုင်ငံတော်တွင် သစ်တောလွှမ်းခြုံမှု ၅၀ ရာခိုင်နှုန်းရှိစေရေး၊ သစ်တောသစ်ပင်တိုးတက်ရေးနှင့် စိမ်းလန်းဆောင်ရွက်ကြရန်၊ ယခုကဲ့သို့ အချိန်၊ လူအင်အားနှင့် ငွေကုန်ကြေးကျခံပြီး စိုက်ပျိုးထားသည့်အပင်များကို တစ်ပင်စိုက် တစ်ပင်ရှင်ဖြင့် အားလုံးရှင်သန်အောင် ဝိုင်းဝန်းထိန်းသိမ်း ပြုစုသွားကြရန်၊ နိုင်ငံတစ်ဝန်း သစ်ပင်သစ်တောများ စနစ်တကျ စိုက်ပျိုး ထိန်းသိမ်းစီမံအုပ်ချုပ်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ခရေပျိုးပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အရောင်အသွေးစုံလင်ပြီး ရနံ့မွှေးပျံ့သော ပန်းများပွင့်သည့် အရိပ်ရသစ်မျိုးများဖြစ်သော ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ တမာ၊ စံကားဝါ၊ ပနားမားငု၊ စွယ်တော်အပါအဝင် သစ်မျိုး ၁၈ မျိုး ပျိုးပင်ပေါင်း ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါးစုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။** (၅၀၁)

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ မြန်မာစီးပွားရေးကိုယ်စားလှယ်ရုံး၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့်ပုဂ္ဂိုလ်များ၊ ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ အမည်သစ်များနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် တရုတ်နိုင်ငံအနေဖြင့် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်တွင် ပါဝင်သည့် ဦးစားပေးနယ်ပယ် ရှစ်ခုတွင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့်ကဏ္ဍများစွာ ပါဝင်နေသောကြောင့် လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းကောင်းများ များစွာရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယုံကြည်စွာ လာရောက်ရင်းနှီးမြှုပ်နှံနေသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသူများအနေဖြင့်လည်း ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တင်ပြစေလိုပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းကာ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းများ၊ မူဝါဒများနှင့်အညီ ပို့ကုန်သွင်းကုန် တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လိုမှုများနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးဖြေကြားကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားသည်။

နံနက်ပိုင်းတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လျိုကျိုးမြို့ရှိ Guangxi Liugong Machinery Co., Ltd ၏ Global R & D Center သို့သွားရောက်လေ့လာကြရာ ကုမ္ပဏီမှ တာဝန်ရှိသူများက စက်ရုံမှ အဆင့်မြင့်နည်းပညာများဖြင့် ဆန်းသစ်တီထွင် ထုတ်လုပ်လျက်ရှိသည့် စက်ယန္တရားကြီးများ၊ EV စက်ယန္တရားကြီးများနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ စက်ရုံမှ ထုတ်လုပ်သည့် EV Loader ဖြင့် အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များ၌ အဝေးထိန်းစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်မှုပြကွက်နှင့် ကမ္ဘာတစ်ဝန်းစီမံကိန်းကြီးများတွင် စက်ရုံထုတ် စက်ယန္တရားကြီးများဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် ပြကွက်တို့ကို ရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (ဧပြည)




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လျိုကျိုးမြို့ရှိ Guangxi Liugong Machinery Co., Ltd ၏ Global R & D Center တွင် ကြည့်ရှုလေ့လာစဉ်။

# အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ



အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးနေအောင်စိုးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ခင်မင်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်လာစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရန်အတွက် COL SHRIKANT JETHI ဦးဆောင်သည့် အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော အိန္ဒိယတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးနေအောင်စိုး၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဆင်ဖြူတော်များကို လေ့လာကြည့်ရှုကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် COL SHRIKANT JETHI ဦးဆောင်သည့် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည် စုစုပေါင်းဦးရေ ၁၂၀ လိုက်ပါလာပြီး နေပြည်တော်ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ စက်တင်ဘာ ၁၉ ရက်ထိ လေ့လာလည်ပတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဧပြည)

☆ ကျောဖုံးမှအဆက်

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဆက်လက်တိုးမြှင့်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံအပြန်အလှန် အထောက်အကူပြုလျက်ရှိသည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် အွန်လိုင်းလိမ်လည်မှု အပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်နိုင်ငံအနေဖြင့် မန္တလေး ငလျင်ကြီးအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် ဆက်လက်ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်အတူ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်း၊ အုပ်ချုပ်ရေးမှူး မစ္စတာဝေတောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၂ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ် ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံနိုင်ငံများ၊ ဖိတ်ကြားထားသည့် နိုင်ငံများမှ အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဧပြည)

# အာဆီယံရှေ့နေချုပ်များ အစည်းအဝေးတည်ထောင်ခြင်းဆိုင်ရာကြေညာချက် လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၆

အင်ဒိုနီးရှားနိုင်ငံ ရှေ့နေချုပ် H.E Mr. Burthanuddin ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ ၁၆ ရက်ထိ ကျင်းပပြုလုပ်သည့် အာဆီယံရှေ့နေချုပ်များ အစည်းအဝေးတည်ထောင်ခြင်းဆိုင်ရာကြေညာချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။




အဆိုပါအခမ်းအနားသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ ရှေ့နေချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အာဆီယံရှေ့နေချုပ်များ အစည်းအဝေးကို အာဆီယံ အသိုက်အဝန်းမျှော်မှန်းချက် (၂၀၄၅) ကို အကောင်အထည်ဖော်သည့် အနေဖြင့် ၂၀၂၃ ခုနှစ်က ထိုင်းနိုင်ငံ ဘန်ဆန်းမြို့၌ ကျင်းပခဲ့သော ပထမအကြိမ် အတိုင်ပင်ခံ အစည်းအဝေး၏ ရလဒ်၊ ၂၀၂၄ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပခဲ့သော ဒုတိယအကြိမ် အတိုင်ပင်ခံအစည်းအဝေး၊ ၂၀၂၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ကျင်းပခဲ့သော တတိယအကြိမ် အတိုင်ပင်ခံအစည်းအဝေး၊ ၂၀၂၄ ခုနှစ်က လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့သော ၄၄ ကြိမ်မြောက်နှင့် ၄၅ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးရလဒ်တို့နှင့်အညီ တည်ထောင်ရန် သဘောတူညီခဲ့ကြောင်း။

အာဆီယံရှေ့နေချုပ်များ အစည်းအဝေးတည်ထောင်ခြင်း၏ ရည်ရွယ်ချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများတွင် သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ အာဆီယံရှေ့နေချုပ်များ အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သက်ဆိုင်ရာပြည်တွင်းဥပဒေများနှင့်အညီ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများကိုအထောက်အပံ့ပြုရေး၊ အာဆီယံ အဖွဲ့ဝင် နိုင်ငံများရှိ အစိုးရအမှုလိုက် အရာရှိများ၏ စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေး၊ ပုံမှန်မဟုတ်သော ပြစ်မှုများနှင့် နည်းပညာအသုံးပြုကျူးလွန်သည့် ပြစ်မှုများဖြေရှင်းနိုင်ရေးအတွက် အစိုးရ အမှုလိုက်အရာရှိများ၏ စွမ်းရည်မြှင့်တင် ဆောင်ရွက်မှုများ ပူးပေါင်းဆောင်ရွက်ရေး၊ ကဏ္ဍအလိုက် အာဆီယံဝန်ကြီးများ အဖွဲ့ကို တရားစွဲနှင့်အမှုလိုက်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အထောက်အပံ့ပြုရန်နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား ဥပဒေရေးရာ မူဘောင်များနှင့် တရားစွဲအမှုလိုက်ဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို ဖလှယ်ရေး ဆိုင်ရာ အကြောင်းအရာများ စသည့် ကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကြေညာချက်လက်မှတ်ရေး ထိုးခြင်းသည် အာဆီယံဥပဒေရေးရာများ ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်တွင် စာမျက်နှာအသစ်တစ်ခုကို ဖွင့်လှစ်လိုက် ခြင်းပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ ရှေ့နေချုပ်များက အာဆီယံရှေ့နေချုပ် များ အစည်းအဝေးတည်ထောင်ခြင်း ဆိုင်ရာကြေညာချက်ကို လက်မှတ်ရေးထိုး ခဲ့ကြသည်။

အာဆီယံရှေ့နေချုပ်များ အစည်းအဝေး တည်ထောင်ခြင်းဆိုင်ရာ ကြေညာချက်ကို လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံ နိုင်ငံများအတွင်း နိုင်ငံဖြတ်ကျော်မှုခင်း များ တိုက်ဖျက်ရာတွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုရရှိစေနိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရှေ့နေချုပ်ရုံး များအကြား တရားစွဲနှင့်အမှုလိုက်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင် မည့် အကျိုးကျေးဇူးများရရှိမည်ဖြစ် ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ - တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေးပွဲ - The Soul Treasure of Myanmar ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင် ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း စီစဉ်မှုဖြင့် မြန်မာ – တရုတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံ ဆွေးနွေးပွဲ – The Soul Treasure of Myanmar ကို ယနေ့နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ နန်နင်းကုန်သွယ်ရေးကိုယ်စားလှယ်ရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက မြန်မာ့ကျောက်စိမ်းသည် တရုတ်နိုင်ငံတွင် လူသိများထင်ရှား၍ ဈေးကွက်ရရှိပြီး ဖြစ်သည့် ထုတ်ကုန်တစ်ခုဖြစ်ပါကြောင်း၊ မြန်မာ့အရည်အသွေးမြင့် ကျောက်မျက် ရတနာများဖြစ်သည့် ပတ္တမြားနှင့် နီလာတို့ကိုလည်း တရုတ်နိုင်ငံ ဈေးကွက် ထိုးဖောက်ဝင်ရောက်နိုင်ရန် ရည်ရွယ်၍ ယနေ့အခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါ ကြောင်း၊ ကမ္ဘာတွင် ထင်ရှားကျော်ကြား သည့် မြန်မာ့ပတ္တမြားသည် မြန်မာနိုင်ငံ မိုးကုတ်ဒေသမှ အဓိကထွက်ရှိပြီး မိုးကုတ် ပတ္တမြားကို ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းက တော်ဝင်နန်းသုံး ရတနာအဖြစ် တန်ဖိုးထားအသုံးပြုခဲ့ကြ ပါကြောင်း၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ ကက်ရှ်မီးယား၊ မြန်မာ၊ ထိုင်း၊ ကမ္ဘော ဒီးယားနှင့် အမေရိကန်နိုင်ငံတို့တွင် နီလာ ထွက်ရှိပြီး မြန်မာ့နီလာသည် ကမ္ဘာပေါ် တွင် ဒုတိယမြောက် အရည်အသွေး အကောင်းဆုံးဖြစ်ပါကြောင်း၊ ယနေ့ အခမ်းအနားကို တရုတ်နိုင်ငံ ကွမ်ရှီး၊ ကွမ်တုံ၊ ဟူနန်၊ ယူနန်၊ ဟိုင်နန်၊ ဟောင် ကောင်၊ မကာအိုနှင့် အခြားဈေးကွက် အလားအလာရှိသော ဒေသများမှ ကုန်သည်လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့ ကိုယ်စားလှယ်များ ပါဝင်တက်ရောက် ကြသည့်အတွက် မြန်မာ့ပတ္တမြားနှင့် နီလာကုန်သည်လုပ်ငန်းရှင်များနှင့် ဈေး ကွက်ချိတ်ဆက်နိုင်မည်ဟု မျှော်လင့်ပါ ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျောက်မျက်ရတနာလုပ်ငန်း ရှင်များအသင်း(ရန်ကုန်)မှ ဥက္ကဋ္ဌ ဦးအောင်ကျော်ဇင်က မြန်မာ့ပတ္တမြားနှင့် နီလာ တရုတ်နိုင်ငံဈေးကွက်ရရှိရေး ဆိုင်ရာအချက်အလက်များကို ရှင်းလင်း တင်ပြဆွေးနွေးပြီး ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်)နှင့် မြန်မာကုန်သွယ်ရေး စင်တာ(ဟိုင်နန်) တို့အကြား တရုတ်နိုင်ငံတွင် မြန်မာ့ ကျောက်မျက်ရတနာ ဈေးကွက်မြှင့်တင် ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်စာလွှာကို လဲလှယ် ကြသည်။

ယင်းနောက် ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်)မှ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး နှင့် ကိုယ်စားလှယ်အဖွဲ့ကို ခင်းကျင်း ပြသထားသည့် ကျောက်မျက်ရတနာ များကို လိုက်လံရှင်းလင်းပြသပြီး တက် ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင် များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ လက်ဖက်အသင်းမှ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး မြန်မာ့လက်ဖက်နှင့် လက်ဖက်ခြောက်များ ခင်းကျင်းပြသ သည့်အစီအစဉ်ကိုလည်း ဆောင်ရွက်ခဲ့ ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်များ

(၁၆-၉-၂၀၂၅)

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | မြဝတီ | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ဆင်ဖြူကျွန်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | မကွေး | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | တောင်ငူ | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | အောင်လံ | ၃၅ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ကျောက်ဆည် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ဘားအံ | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပပြုလုပ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် အမျိုးသား၊ အမျိုးသမီးစုပေါင်းတံခွန်စိုက်ဒိုင်းရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းကို တံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဒိုင်းနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တက်ရောက်သည်။

အဆိုပါအားကစားပြိုင်ပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) ရုံး၊ ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အမျိုးသားတံခွန်စိုက်ဒိုင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းကလည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းကလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)အသင်းကလည်းကောင်း အသီးသီးရရှိပြီး ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် အသင်းလိုက်ဆုရရှိကြသူများကို တာဝန်ရှိသူများကလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီးစုပေါင်းတံခွန်စိုက်ဒိုင်းရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်ကလည်းကောင်း တံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဒိုင်းနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် စက်တင်ဘာ ၁၂ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟိုသ)





တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

# မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရန်အတွက် ဗိုလ်မှူးကြီးဇာနည်အောင် ဦးဆောင်သည့် မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးနေအောင်စိုး၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ )မှ အရာရှိ၊ စစ်သည်များ စုစုပေါင်းဦးရေ ၁၂၀ လိုက်ပါသွားပြီး အိန္ဒိယနိုင်ငံ ဂါယာမြို့ရှိ အထင်ကရနေရာများ၊ သင်တန်းကျောင်း၊ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ စက်တင်ဘာ ၁၉ ရက်ထိ လေ့လာလည်ပတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟိုသ)



ဗိုလ်မှူးကြီးဇာနည်အောင် ဦးဆောင်သည့် မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ ပါဝင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေအောင်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်လှမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အိုဇုန်းလွှာသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများကို အန္တရာယ်ဖြစ်စေသည့် ခရမ်းလွန်ရောင်ခြည်များကို ကမ္ဘာ့မြေပြင်သို့ တိုက်ရိုက်မရောက်ရှိစေရန် ကာကွယ်စစ်ထုတ်ပေးထားသော အငွေ့စစ်ကိရိယာတစ်ခုအနေဖြင့် အကျိုးပြုဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ လူသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုများကြောင့် အိုဇုန်းလွှာထိခိုက်ပျက်စီးနေသည်ကို သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန အပါအဝင် အခြားဌာနများနှင့် ပူးပေါင်းပြီး အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် လစဉ်အသိပညာပေးခြင်း၊ ရေထုအရည်အသွေးနှင့် ဝန်းကျင်လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အိုဇုန်းလွှာပျက်စီးမှုကို ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများတွင် အားလုံးအတူတကွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူးက အိုဇုန်းလွှာအကြောင်းသိကောင်းစရာများနှင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ပေါ်ပေါက်လာမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး Video Clip၊ UNEP မှ ဒါရိုက်တာ၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် Video Message ပြသမှုအစီအစဉ်များ၊ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပိုစတာများ၊ တိုင်းတာရေး စက်ကိရိယာပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ကျိုင်းတုံမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အထိမ်းအမှတ် ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား၊ ကျောင်းသူများ၏ စာဖတ်ဝိုင်းပြုလုပ်နေမှုအား ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌက စာဖတ်ခြင်း၏အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာအကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များနှင့် ပြိုင်ပွဲများပြုလုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးပပထွန်းအား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**အဆင့်မြင့်ပညာဦးစီးဌာန**

**ကြေညာချက်**

**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များကို အောက်ပါအတိုင်း ကြေညာလိုက်သည်-

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များအားလုံး | - | ၁-၁၀-၂၀၂၅ မှ ၉-၁၀-၂၀၂၅ ထိ |
| ဒုတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၄-၁၀-၂၀၂၅ မှ ၃၀-၁၀-၂၀၂၅ ထိ |
| တတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၃-၁၁-၂၀၂၅ မှ ၂၁-၁၁-၂၀၂၅ ထိ |

အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

၁။ ၂၀၂၅ ခုနှစ်အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့်အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် "သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို နေပြည်တော်တွင်ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များနှင့် https://bit.ly/47Md8CK တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ တို့သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

လျှပ်စစ်မီတာခ သက်သာဖို့
LED ပစ္စည်း သုံးကြစို့။

# နောင်ချိုမြို့နယ်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ၊ အသက် ၁၅ နှစ်အောက်ကလေးများကို ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်ပေးလျက်ရှိ



**နောင်ချို စက်တင်ဘာ ၁၆**

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့်ဌာနခွဲ ၂၅ ခု ပြန်လည်ဖွင့်လှစ်ပြီး ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းနှင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် Big Catch-up၊ Routine Catch-up နည်းလမ်းများဖြင့် အမီလိုက်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများ၊ အသက် ၁၅ နှစ်အောက်ကလေးများအား လိုအပ်သော ကာကွယ်ဆေးများကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး လုပ်ငန်းများ (Special Immunization Activities)၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများဖြစ်ပွားချိန်တွင် တုံ့ပြန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများ (Outbreak Response Immunization) စသည်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ကလေးတိုင်းဆီသို့ ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ယခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၁၅ ရက်ထိ နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် ကျေးရွာများရှိ ကျောင်း ၈၈ ကျောင်းနှင့် ကျောင်းသား ၁၃၅၂၆ ဦးကို ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၃၁၁၃ ဦးကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း ပြန်လည်အားဖြည့်ဆောင်ရွက်လျက်ရှိပြီး အသက် ငါးနှစ်အောက်ကလေးငယ်များကို ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး (အစက်ချဆေး၊ ထိုးဆေး)များကိုလည်းကောင်း၊ အသက် ငါးနှစ်မှ ခုနစ်နှစ်အရွယ် ကလေးများကို ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး(အစက်ချဆေး)များကိုလည်းကောင်း၊ အသက် ခုနစ်နှစ်မှ ၁၅ နှစ်အရွယ် ကလေးများကို မေးခိုင်-ဆုံဆို့ရောဂါကာကွယ်ဆေး၊ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးများလည်းကောင်း ထိုးနှံတိုက်ကျွေးပေးလျက်ရှိရာ ယခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၁၅ ရက်ထိ ကလေး စုစုပေါင်း ၁၆၄၈၄ ဦးကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးနိုင်ခဲ့သည်။

အသက် ၁၅ နှစ်အောက် ကလေးများကို လိုအပ်သော ကာကွယ်ဆေးများ အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများကို နောင်ချိုမြို့နယ်အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်နေသော မြို့နယ်အားလုံးတွင် ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

နောင်ချိုမြို့နယ်တွင် ယခုနှစ် ဇူလိုင် ၂၀ ရက်က“မြနန်းတော်ဝင်” မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံကို ဩဂုတ် ၂ ရက်က ပြန်လည်ဖွင့်လှစ်ကာ လူနာများကိုလက်ခံကုသပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများ လာရောက်ကုသမှုခံယူလျက်ရှိပြီး စက်တင်ဘာ ၁၅ ရက်ထိ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံတွင် ပြင်ပလူနာ ၃၅၉၅ ဦးနှင့် အတွင်းလူနာ ၄၂၁ ဦးကို လိုအပ်သော ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာအနီး အရပ်သားပြည်သူနဲ့ ခရီးသွားပြည်သူများ ကြောက်ရွံ့ထိတ်လန့်ထိခိုက်စေရန် KNU၊ PDF အကြမ်းဖက်သမားများက Drop Bomb ချတိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ပြည်သူ ၁၁ ဦး”** ခေါင်းစဉ်ဖြင့် ၁၇-၉-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“လူ့အခွင့်အရေးအတွက် ဒီမိုကရေစီအတွက်လုပ်နေပါတယ်ဆိုသော အကြမ်းဖက် PDF များ အင်အားနည်းလာပြီဖြစ်သောကြောင့် အသက်မပြည့်သေးသော စာသင်အရွယ်ကလေးငယ်များကိုခြိမ်းခြောက်၍ အတင်းအဓမ္မလူသစ်စုနေ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ဝေလနိုင်ငံတွင် ဒေသလေးခုကို ရေဘေးအန္တရာယ် အဝါရောင်အဆင့် သတ်မှတ်ကြောင်း Natural Resources Wales က ထုတ်ပြန်ကြေညာ



**ကာဒစ် စက်တင်ဘာ ၁၆**

ဝေလနိုင်ငံတွင် လေပြင်းမုန်တိုင်းတိုက်ခတ်ကာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး စက်တင်ဘာ ၁၅ ရက်တွင် ဒေသလေးခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ရေဘေးအန္တရာယ်ကို အဝါရောင်အဆင့် သတ်မှတ်ကြောင်း Natural Resources Wales က ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

ဝေလနိုင်ငံတွင် ရေဘေး အန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဒေသများမှာ ဆွမ်ဆီးမြို့၊ ကာဒစ်မြို့၊ ပွမ်နီဒေသနှင့် ကာပယ်ဒေသတို့ဖြစ်ကြောင်း၊ အဆိုပါဒေသ လေးခုတွင်လမ်းမကြီးတချို့လည်း ရေလွှမ်းနေသည့်အတွက်ကြောင့် ယာယီပိတ်ထားပြီး လျှပ်စစ်မီးလည်း ဖြတ်တောက်ထားကြောင်း Natural Resources Wales က ထုတ်ပြန်ခဲ့သည်။

လေတိုက်နှုန်းမှာ တစ်နာရီ ၅၉ မိုင်နှုန်းဖြင့် တိုက်ခတ်နေပြီး ရေဘေးအန္တရာယ် အဝါရောင်အဆင့်သတ်မှတ်ထားသောဧရိယာရှိ ဒေသခံများကို လိုအပ်လာပါက ဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် Natural Resources Wales က ညွှန်ကြားထားသည်။

"လေပြင်းမုန်တိုင်းတိုက်ခတ်မှုနဲ့အတူ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးတော့ ဒေသလေးခုမှာရေလွှမ်းမှုတွေ စတင်နေပြီဖြစ်ပြီး ရေဘေးအန္တရာယ် အဝါရောင်အဆင့် သတ်မှတ်လိုက်ပါတယ်။ လမ်းမကြီးတချို့ကိုလဲ ယာယီပိတ်ထားပါတယ်"ဟု Natural Resources Wales မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## အီရန်နိုင်ငံတွင် ရက်သတ္တတစ်ပတ်အတွင်း မြေငလျင် ၁၃၅ ကြိမ်ထိ စံချိန်တင်လှုပ်ခတ်ခဲ့

**တီဟီရန် စက်တင်ဘာ ၁၆**

အီရန်နိုင်ငံတွင် စက်တင်ဘာ ၆ ရက်မှစတင်၍ ရက်သတ္တတစ်ပတ်အတွင်း မြေငလျင်အကြိမ်ရေ ၁၃၅ ကြိမ်ထိ စံချိန်တင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း တီဟီရန်မြို့ရှိ Geophysics of the University မှ သုတေသီများက တိုင်းတာရရှိခဲ့သော မှတ်တမ်းများနှင့်တကွ ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မှတ်တမ်းများအရ လှုပ်ခတ်ခဲ့သော မြေငလျင်အကြိမ်ရေ ၁၃၅ ကြိမ်တွင် ၁၁၄ ကြိမ်သည် ပြင်းအား ၃ မဂ္ဂနီကျူထက် လျော့နည်းခဲ့ပြီး ၁၇ ကြိမ်မှာ ပြင်းအား ၃ မဂ္ဂနီကျူမှ ၄ မဂ္ဂနီကျူကြားရှိခဲ့ပြီး နှစ်ကြိမ်မှာ ပြင်းအား ၄ မဂ္ဂနီကျူမှ ၅ မဂ္ဂနီကျူကြားရှိခဲ့ကြောင်း၊ လှုပ်ခတ်ခဲ့သော မြေငလျင်များအနက် ဟော်မော့ဇ်ဂန်ဒေသအနီးတွင် လှုပ်ခတ်ခဲ့သော မြေငလျင်ပြင်းအားမှာ ၄ ဒသမ ၅ မဂ္ဂနီကျူရှိခဲ့ပြီး မြေငလျင် အကြိမ်ရေ စံချိန်တင်လှုပ်ခတ်ခဲ့ပြီး နောက် နောက်ဆက်တွဲ သဘာဝဘေးဒဏ်များ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ကြီးမားသော ပျက်စီးဆုံးရှုံးမှုဖြင့် မကြုံတွေ့ခဲ့ရသော်လည်း လှုပ်ခတ်ခဲ့သော မြေငလျင်အကြိမ်ရေမှာ စံချိန်တင်မြင့်မားခဲ့ခြင်းကြောင့် နောက်ဆက်တွဲ သဘာဝဘေးဒဏ်များ ဖြစ်ပေါ်လာနိုင်ကြောင်း သုတေသီများက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"စက်တင်ဘာ ၆ ရက် ကနေ စတင်ပြီးတော့ ရက်သတ္တပတ်အတွင်းမှာ မြေငလျင်ဟာ အကြိမ်ရေပေါင်း ၁၃၅ ကြိမ်ထိ စံချိန်တင်လှုပ်ခတ်ခဲ့ပါတယ်။ ရက်သတ္တပတ်အတွင်းမှာ အခုလောက် အကြိမ်ရေများစွာ လှုပ်ခတ်သွားခဲ့တာဟာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုပါ။ နောက်ဆက်တွဲ ပြဿနာတွေ ရှိလာနိုင်တဲ့အတွက် သုတေသီတွေအနေနဲ့လဲ အထူးသတိပြု စောင့်ကြည့်နေပါတယ်" ဟု Geophysics of the University မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

အီရန်နိုင်ငံတွင် Geophysics of the University မှ သုတေသီများ၏ မှတ်တမ်းများအရ ၂၀၂၄ ခုနှစ် မတ်လမှ ၂၀၂၅ ခုနှစ်မတ်လ အတွင်း၌လည်း မြေငလျင်အကြိမ်ရေမှာ ၆၇၂ ကြိမ်ထိ ရှိခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

## ကနေဒါနိုင်ငံ လောင်းလိတ်ဒေသတွင် တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေး မီးသတ်တပ်ဖွဲ့ဝင်အင်အား တိုးမြှင့်စေလွှတ်သွားမည်

**အော့တဝါ စက်တင်ဘာ ၁၆**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ် လောင်းလိတ်ဒေသတွင် ဩဂုတ်လ နောက်ဆုံးပတ်မှစ၍ ယနေ့ထိ တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်လျက်ရှိရာ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီ ရယူထားသကဲ့သို့ မြေပြင်မှလည်း အင်အား သုံးသွားရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်အင်အား ထပ်မံတိုးမြှင့် စေလွှတ်သွားမည်ဖြစ်ကြောင်း Department of Natural Resources (DNR) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးကူးစက်လောင်ကျွမ်းနေသည့် သစ်တောမြေ ၈၄၆၈ ဟက်တာထိရှိနေပြီး တောမီးအမြန်ဆုံး ထိန်းချုပ်နိုင်ခြင်းမရှိပါက တောမီးကူးစက်လောင်ကျွမ်းသည့် သစ်တောမြေဟက်တာ ပိုမိုများပြားလာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အယ်ဘတ်တာပြည်နယ်အစိုးရက မီးသတ်တပ်ဖွဲ့ဝင်အင်အား ထပ်မံတိုးမြှင့်စေလွှတ်သွားရန် စီစဉ်လာခြင်းဖြစ်ကြောင်း သိရသည်။



"လောင်းလိတ်ဒေသမှာ တောမီးလောင်ကျွမ်းမှုဟာ ပြီးခဲ့တဲ့ ဩဂုတ်လကတည်းက စတင်ခဲ့တာဖြစ်ပါတယ်။ တောမီးကူးစက်လောင်ကျွမ်းမှုကတော့ အနည်းငယ်ငြိမ်သွားပြီဆိုပေမဲ့လဲ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ လိုအပ်နေတယ်။ တောမီးကို လေကြောင်းကနေ ငြိမ်းသတ်မှုပြုလုပ်နေသလို မြေပြင်ကနေလဲ အရှိန်မြှင့်တင်ပြီး ငြိမ်းသတ်ပေးသွားဖို့ စီစဉ်နေပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေ တိုးမြှင့်စေလွှတ် သွားမှာလဲဖြစ်ပါတယ်။ ခြောက်သွေ့မှုနှုန်းက မြင့်မားတဲ့အတွက် တောမီးကြောင့် ပျက်စီးမှုတွေပိုပြီး တော့များပြားလာနိုင်ပါတယ်"ဟု Department of Natural Resources(DNR) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## အင်္ဂလန်နိုင်ငံ ဘာမင်ဂမ်မြို့တွင် ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်

**လန်ဒန် စက်တင်ဘာ ၁၆**

အင်္ဂလန်နိုင်ငံ ဘာမင်ဂမ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး နောက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဘာမင်ဂမ်မြို့ကို စက်တင်ဘာ ၁၄ ရက်မှ စ၍ ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း Met Office က ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

မိုးရေချိန်မြင့်မားမှုကြောင့် မိုးရွာသွန်းမှုဖြစ်ပေါ်ပြီး ၂၄ နာရီအတွင်း ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ခဲ့ရကြောင်း၊ လမ်းမကြီးတချို့ ရေလွှမ်းနေပြီး ရေလွှမ်းနေသော လမ်းမကြီးများကို ယာယီပိတ်ထားကြောင်း၊ ရီအာမြစ်ရေ လျှံတက်မှုကြောင့် အချိန်တိုအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ဝုဒ်ဘရော့ လမ်းမကြီးကို ယာယီပိတ်ထား ကြောင်း ဘာမင်ဂမ်မြို့အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဘာမင်ဂမ်မြို့မှာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးတော့ ရေကြီးရေလျှံမှုတွေ စတင်ဖြစ်ပေါ်နေပါတယ်။ ရီအာမြစ်ရေလျှံတက်မှုကြောင့်လဲ အချိန်တိုအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာရတာဖြစ်ပါတယ်။ မိုးလေဝသခန့်မှန်း တိုင်းတာချက်အရ မိုးထပ်မံရွာသွန်းလာနိုင်တဲ့အတွက် ရေကြီးရေလျှံမှုဟာလဲ အန္တရာယ်ရှိတဲ့အဆင့်ကို ရောက်ရှိလာနိုင်ပါတယ်။ Met Office အနေနဲ့လဲ မိုးရွာသွန်းမှုကို အချိန်ပြည့် စောင့်ကြည့် တိုင်းတာပေးနေပြီးတော့ ရေကြီးရေလျှံမှုအန္တရာယ် ဆိုးရွားနိုင်တဲ့ ဧရိယာတွေကိုလဲ အချိန်နဲ့တစ်ပြေးညီ သတိပေးချက် ထုတ်ပြန်ပေးနိုင်အောင် ဆောင်ရွက်ထားပါတယ်"ဟု Met Office မှ မိုးလေဝသခန့်မှန်းတိုင်းတာရေး ပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

## သမုဒ္ဒရာရေမျက်နှာပြင်မြင့်တက်လာနိုင်မှုကြောင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ဩစတြေးလျနိုင်ငံသား ၁ ဒသမ ၅ သန်းခန့်ထိ ရေဘေးအန္တရာယ်သင့်နိုင်

**ကင်ဘာရာ စက်တင်ဘာ ၁၆**

ဩစတြေးလျနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်မားနေပြီး ဩစတြေးလျနိုင်ငံနှင့် ထိစပ်လျက်ရှိသော သမုဒ္ဒရာတွင် ရေမျက်နှာပြင် မြင့်တက်လာနိုင်မှုကြောင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ဩစတြေးလျနိုင်ငံသား ၁ ဒသမ ၅ သန်းခန့်ထိ ရေဘေး အန္တရာယ်သင့်နိုင်ကြောင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

သမုဒ္ဒရာပိုင်းတွင် ရေမျက်နှာပြင် မြင့်တက်လာနိုင်မှုကြောင့် ၂၀၅၀ ပြည့်နှစ်တွင် ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင် ရနိုင်သည့်ဒေသများမှာ ကမ်းခြေဒေသများတွင် နေထိုင်သည့် ဒေသခံများဖြစ်ပြီး အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်ကြောင်း၊ အလားတူ ရာသီဥတု ဖောက်ပြန်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ခြင်း မရှိပါက ၂၀၉၀ ပြည့်နှစ်အရောက်တွင် လူဦးရေ သုံးသန်းခန့်ထိ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင် ရဖွယ်ရှိနေကြောင်း ရာသီဥတု ပြောင်းလဲမှုဆိုင်ရာဝန်ကြီး ခရစ် ဘရောင်းက ပြောကြားခဲ့ကြောင်း သိရသည်။

"ရာသီဥတုပြောင်းလဲမှုနှုန်း မြင့်မားနေတဲ့ အခြေအနေမှာ နေထိုင်နေရတယ်။ ရာသီဥတု ဖောက်ပြန်မှုရဲ့ ရိုက်ခတ်မှုတွေနဲ့ ပတ်သက်ပြီး ခန့်မှန်းမှုတာတွေ လုပ်စရာမလိုတော့တဲ့အခြေအနေ ဖြစ်ပါတယ်။ အမှန်တကယ် လက်တွေ့ရင်ဆိုင်နေရပြီဖြစ်တဲ့အတွက် ခန့်မှန်းတိုင်းတာတာတွေ၊ ခန့်မှန်း ချက်ထုတ်ပြန်တာတွေ လုပ်ရမဲ့ အဆင့်မဟုတ်တော့ဘူး"ဟု ရာသီ ဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီး ခရစ်ဘရောင်းက ပြောကြားခဲ့ ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

## ဝတ္ထုတိုကလျာ

# ဘုံဆိုင်ထဲက နာရီ

### ညိမ်းညို



**ယမန်နေ့မှအဆက်**

ငြိမ်းချမ်းမောင်နဲ့ သန်းဇော်က စကားတွေ အဆက်မပြတ်ပြောနေကြတယ်။ မသောက်တာ ကြာပြီမို့ထင်ပါရဲ့။ အသံတွေက နည်းနည်းလေးချင်တယ်။ ကိစ္စတော့မရှိဘူး။ ဦးပေါက်စီရဲ့ အမူးဒီဂရီတိုင်းစက်က သူတို့နှစ်ယောက်ကို တစ်စိတ်စီနဲ့ ခွဲတမ်းပိတ်ထားလိုက်ပြီပဲ။ တိုးကြီးကတော့ တစ်ပိုင်းမှီဝဲခွင့်ရှိသူအဆင့်မို့ ဣန္ဒြေမပျက် လက်ကျန်တစ်ခွက်ကို မျှဉ်းပြီး သောက်နေနိုင်သေးတယ်။

တိုးကြီးမျက်နှာကပြုံးလို့။ ပြောနေတဲ့စကားသံတွေကိုလဲ ကြားတစ်ချက်မကြားတစ်ချက်။ ဒါကလဲ အကြောင်းတော့မဟုတ်ပါဘူး။ ဒီလို ဆင်တူယိုးမှားစကားတွေဆိုတာ သူ့ရှေ့ကလူတွေသာ ပြောင်းသွားမယ်၊ တိုးကြီးအနေနဲ့က မကြာမကြာ ကြားရလှပေါ့။ ကြားရဆို...။ ဒီမြို့ကလေးမှာ တိုးကြီးဆိုတာက။

( ၃ )

တိုးကြီးက စာတော်တော်ဖတ်တယ်။ ဖတ်တာမှ ကြောက်စရာကောင်းလောက်အောင်ကို ထောင်းလမောင်းကြေအောင်ဖတ်တာ။ ဖတ်တဲ့စာအမျိုးအစားက စုံတယ်။ ဝတ္ထုတို၊ ဝတ္ထုရှည်၊ သမိုင်း၊ အတ္ထုပ္ပတ္တိ၊ နိုင်ငံတကာရေးရာ၊ ဘာသာရေး၊ တက်ကျမ်း တစ်ခုမှ မလွတ်ဘူး။ စိုက်ပျိုးရေး၊ ဆေးသိပ္ပံ၊ ယဉ်ကျေးမှု၊ စာပေအနုပညာ စတဲ့အကြောင်းအရာပေါင်းစုံ ဆောင်းပါးပေါင်းစုံ အကုန်လုံးကို တို့ထိထားတယ်။ အသေးစိတ်သိတာ နည်းချင်နည်းမယ်။ ဒါပေမဲ့ တော်တော်များများကိုလဲ သိထားတယ်ဆိုတာ တိုးကြီးလိုလူမျိုး။ ဖတ်ပြီးသမျှကိုလဲ ဘယ်ပုံဘယ်နည်းမှတ်တယ်မဆိုနိုင်ဘူး။ လုံးစေ့ပတ်စေ့နီးပါး မှတ်မိနေတာပဲ။ ပြီးတော့ အဲဒီလိုမှတ်မိနေတဲ့ အချက်အလက်တွေကို သူပြောတဲ့စကားတွေထဲမှာ ဆီလျော်အောင်ထည့်သွင်းပြောဆိုနိုင်တာက တိုးကြီးရဲ့ အတောက်ပဆုံး အရည်အချင်းတစ်ရပ်လို့ ဆိုရမယ်။ သူတို့မြို့လေးရဲ့စာကြည့်တိုက်စနစ်ကလဲ တိုးကြီးရဲ့ စာဖတ်ဝါသနာကို ကောင်းသောအထောက်အပံ့နဲ့ အင်ပြည့်အားပြည့် ကျောထောက်နောက်ခံပေးထားနိုင်တယ်။ လစဉ်ကြေး တစ်ရာ့ငါးဆယ်ပုံမှန်သွင်းနေရုံနဲ့ ဖတ်ပါလိမ့်။ စာအုပ်တွေ စာအုပ်တွေဆိုတာ နည်းတာမဟုတ်ဘူး။ အမျိုးအစားစုံတယ်။ ဘာသာရပ်စုံတယ်။ စာကောင်းစာသန့်တွေချည်း ရွေးတင်ထားတာကိုက ဖတ်လို့မကုန်နိုင်ဘူး။

တိုးကြီးက မန္တလေးတက္ကသိုလ်မှာ မြန်မာစာ ဒုတိယနှစ်ထိ တက်ထားဖူးတဲ့ လူတစ်ယောက်။ ဘာကြောင့် ကျောင်းပြီးအောင် ဆက်မတက်ရသလဲ ဆိုတာကိုတော့ တိုးကြီးကိုယ်တိုင်မှ ရေလည်ပတ်လည် သိမှာပဲ။ သေချာတာတစ်ခုကတော့ တိုးကြီးက စာအလွန်ဖတ်တယ်၊ ဖတ်ထားတဲ့စာတွေကိုလဲ ကြံစုပ်သလို စုပ်ယူနိုင်ပြီး ခွန်အားရှိတဲ့စကားလုံးတွေအဖြစ် ပြန်လည်မွေးဖွားနိုင်တယ်ဆိုတာပဲ။

လူငယ်လေးတွေဆိုတာတိုးကြီးနဲ့အဖွဲ့ကျကြတာ တရုန်းရုန်းပဲ။ ဘဝကိုစူးစမ်းစ၊ အပျံသင်စ လူငယ်လေးတွေကော။ ကျောင်းပြီးစ အလုပ်လက်မဲ့လတ်လျားလတ်လျား လူငယ်လေးတွေကော။ ပြင်ပမှာ အသက်မွေးဝမ်းကျောင်းပညာတစ်ခုခုသင်ယူနေဆဲ လူငယ်လေးတွေကော။ စာရေး၊ စာဖတ်ဝါသနာပါတဲ့ လူငယ်လေးတွေကော။ အချို့များဆို ကျူရှင်ဆရာပေါက်စလေးတွေတောင်ပါသေး။

သူတို့ရဲ့ဆုံမှတ်ကတော့ တောင်ခြေက ဆိုင်လေးပဲ။ အဲဒီမှာ သူတို့ ဝမ်းနွေးအောင်သောက်ကြတယ်။ အာခေါင်တွေ၊ နားရွက်တွေ နွေးလာတဲ့ထိ ပြောကြ၊ ဆိုကြ၊ ဆွေးနွေးကြတယ်။ အခါများစွာမှာတော့ တိုးကြီးက ဟောပြောသူ၊ လူငယ်လေးတွေက နားထောင်သူတွေပေါ့။ တိုးကြီးရဲ့ ဖတ်ထားမှတ်ထားတဲ့ အကောက်အယူတွေက လူငယ်လေးတွေအတွက်တော့ အရသာရှိတဲ့ အမြည်းတစ်ခွက်ဖြစ်ကြပုံပေါ်ရဲ့။ သူတို့ရဲ့ လူငယ်ဗီဇစိတ်ကို အဆုံးစွန်ထိပေါက်ကွဲပစ်ဖို့ နှိုးဆွပုန်ကန်ပေးနိုင်တဲ့ အားမြင့်ယမ်းတွေလဲဖြစ်ကြပုံပေါ်ရဲ့။ တိုးကြီးဆီမှာ မှိုင်းဝသွားပြီဆိုရင် လူငယ်လေးတွေဟာ အလျှိုအလျှိုနဲ့ ပျံတက်သွားကြတာ မီးပုံးပျံလေးတွေအတိုင်းပဲ။ နိမ့်တာနဲ့မြင့်တာပဲ ကွာကောင်းကွာကြလိမ့်မယ်။ မြေပြင်ပေါ်ကတော့ ခုန်ထွက်သွားနိုင်တဲ့သူတွေများပါတယ်။

မပြောင်းမလဲကျန်ခဲ့တာဆိုလို့ သူတို့ဆရာ တိုးကြီးပဲ။ စမ်းချောင်းအောက်ခြေမှာ စိမ်ပြေနပြေ အထိုင်ချထားတဲ့ ရေညှိတက်ကျောက်တုံးကြီးလို သူ့ကိုဖြတ်သန်းသွားတဲ့ သစ်ရွက်ကလေးတွေ၊ ကူးခတ်သွားတဲ့ငါးကလေးတွေကို မျှော်ငေးကြည့်နေရုံပဲပေါ့။ တိုးကြီးဟာ တောင်ခြေက ဆိုင်ကလေးမှာ ဒိုင်ခံကျန်ရစ်ခဲ့တယ်။ မြေပြင်ကို ခဏတဖြုတ် ပြန်ချဉ်းကပ်လာကြတဲ့ မီးပုံးပျံလေးတွေက ဖိတ်မန္တကပြုတဲ့ညတွေဆိုရင်တော့ တိုးကြီး အလိုလို အူမြူးနေမိတယ်။ သူစာတွေဖတ်ရခြင်းရဲ့ တစ်ခုတည်းသောအသီးအပွင့်ကို သူပြန်မြင်ရတယ်လို့ အောက်မေ့တာကိုး။

( ၄ )

ဒီနေ့ သူ့စားပွဲမှာ ဦးပေါက်စီက ထူးထူးခြားခြား ဝင်ထိုင်တော့ တိုးကြီးအံ့ဩသွားတယ်။ ဦးပေါက်စီဆိုတာ ဆိုင်ကိုလာတဲ့ ဖောက်သည်တွေရဲ့ စားပွဲဝိုင်းမှာ အကြောင်းမဲ့ ဝင်ထိုင်လေ့မရှိဘူးလေ။

"ဦးပေါက် အကြောင်းရှိထင်ပဲ့"

တိုးကြီးက နှုတ်ဆက်စကားဆိုတယ်။

"အေးကွာ၊ ဒီနေ့ ကောင်လေးတွေလဲမပါတော့ ငါ စကားနည်းနည်းပြောချင်လို့"

တိုးကြီး နားစိုက်ထောင်တယ်။ တစ်ဖက်သားစကားကို အလေးထားပြီး နားထောင်တတ်တာဟာ ယဉ်ကျေးမှုစွမ်းရည်အားကောင်းတာပဲလို့ တိုးကြီး ခံယူထားတယ်။

"ငါတို့မြို့ကကောင်လေးတွေ မင်းဆီမှာ လောင်စာအပြည့်ဖြည့်ပြီး မိုင်ကုန်မောင်းထွက်သွားကြတာ မြင်တွေ့နေရတော့ ငါဖြင့်ကျေးဇူးလဲ တင်ပါရဲ့ကွာ"

ဦးပေါက်စီက စကားမဆက်သေးဘဲ ခဏရပ်ထားတယ်။ တိုးကြီးမျက်ဝန်းတွေက ကျေနပ်နှစ်သက်ခြင်းလား၊ စိတ်အားထက်သန်ခြင်းလား ဝေခွဲမရတဲ့ တောက်ပခြင်းတွေနဲ့ စိုရွှမ်းနေတယ်။

"ပြီးတော့ ငါက မင်းကိုယ်တိုင် အမြင့်ဆုံးပျံတက်သွားမဲ့အချိန်ကို စောင့်နေခဲ့တာ။ ဒါပေမဲ့ မင်းက..."

ဦးပေါက်စီ စကားအဆုံးမှာ တိုးကြီးရဲ့မျက်ဝန်းက စိုရွှမ်းတောက်ပခြင်းတွေ ခန်းခြောက်မှုန်ဝါးလာတယ်။

"ကျွန်တော်၊ ကျွန်တော်က ဘာဖြစ်သလဲ"

တိုးကြီး အထိတ်တလန့်မေးတယ်။

"မင်းက နာရီတွေကို ရပ်ထားတော့ ရှေ့မရောက်တော့ဘူးပေါ့ကွာ"

"ဗျာ"

"မဗျာနဲ့တိုးကြီး။ တကယ်တော့ ဘုံဆိုင်ထဲက နာရီတွေဆိုတာ ရပ်နေတဲ့နာရီတွေပါကွာ။ ကောင်လေးတွေက ဒီဆိုင်လေးထဲမှာ မင်းဆီကိုလာပြီး လောင်စာဖြည့်နေတဲ့ အချိန်အပိုင်းအခြားလေး အတွင်းမှာပဲ သူတို့နာရီတွေကို ရပ်ထားကြတာ။ ဆိုင်အပြင်ရောက်သွားတာနဲ့ ကျန်တဲ့အချိန်တွေကို ပုံမှန်လည်ပတ်ကြတာ။ အချို့ဆိုရင် ရှေ့ကိုရောက်ချင်ဇောအားကြီးလို့ ခုန်ပျံကျော်လွှားသွားကြတာတောင် ရှိတယ်။ မင်းကတော့ ဒီဆိုင်လေးထဲမှာပဲ မင်းရဲ့အချိန်နာရီတွေကို တောက်လျှောက်ရပ်ပစ်ထားတာ။ ငါ့ထိုင်ခုံနောက်က နာရီကိုကြည့်လိုက် တိုးကြီး"

ဦးပေါက်စီထိုင်လေ့ရှိတဲ့ စားပွဲနဲ့ထိုင်ခုံနောက်က နာရီကို တိုးကြီး အခုမှသေသေချာချာကြည့်မိတယ်။ ဟောင်းမြင်းလှပြီဖြစ်တဲ့ အနက်ရောင်တိုင်ကပ်နာရီကြီးတစ်လုံးက သစ်သားအကန့်လေးတွေရဲ့အပေါ်မှာ ငေါင်းစင်းစင်းခြေချိတ်ထိုင်လို့။ ရှုပ်ရှုပ်ထွေးထွေး ပင့်ကူမျှင်တွေနဲ့ အဖော်ပြုလို့။ ဆိုင်ထဲကလူတွေကို အပေါ်စီးကနေကြည့်ရှုလို့။ ပျင်းရိစွာ သမ်းဝေငေးမောလို့။

အလို...။ နာရီလက်တံတွေက ရပ်နေကြပါလား။ တိုးကြီး တုန်လှုပ်သွားတယ်။ ငါးနာရီတိတိကို ညွှန်ပြရင်း မလှုပ်မချောက်ရပ်နေကြတဲ့ လက်တံသုံးချောင်း။ ဒီနေရာမှာပဲ မှိုတက်မှိုစွဲဇာတ်မြုပ်နေကြတော့မဲ့အတိုင်း သက်ဝင်လှုပ်ရှားခြင်းမရှိတဲ့ လက်တံသုံးချောင်း။

"ဒီဆိုင်ဖွင့်ကတည်းက ငါ အဲဒီနာရီကို ဓာတ်ခဲထည့်မထားခဲ့ဘူး။ သူကလဲ သစ္စာရှိတယ်။ ဆိုင်ဖွင့်ချိန် ငါးနာရီတိတိကနေ သူ့ရှေ့က အနာဂတ်ဆီကို တစ်စက္ကန့်တောင် လွန်လွန်ကျူးကျူး ခရီးမနှင်ခဲ့ဖူးဘူး။ ငါပြောခဲ့ပါပကော ဘုံဆိုင်ထဲက နာရီတွေဟာ ဘယ်တော့မှ ရှေ့ကိုမရောက်နိုင်တဲ့ ရပ်နေတဲ့ နာရီတွေပါလို့"

တိုးကြီးဘဝမှာ တစ်ခါမှဒီလောက်ချောက်ချောက်ချားချားမခံစားရဖူးဘူး။ ဦးပေါက်စီက သူ့ကိုအချွန်မြဆုံးမြားတွေနဲ့ပစ်ခွင်းနေတာ။ ဒီလို စကားလုံးမြားတွေဆိုတာ အခြားသူတွေကိုသာ သူက ပစ်ခွင်းခဲ့တာ။ သူကိုယ်တိုင်ပစ်ခွင်းခံရတာကတော့ ဒီတစ်ကြိမ်က အဦးအဖျားပဲ။ မျှော်လင့်မထားတဲ့ အခြေအနေတစ်ခုမှာ တိုးကြီးရဲ့ ခံစစ်ဒိုင်းကာတွေက ကောင်းကောင်း အလုပ်မလုပ်နိုင်ခဲ့ကြဘူး။

တုန်လှုပ်ခြင်း၊ ချောက်ချားခြင်း၊ ထိတ်လန့်ခြင်းနဲ့ အတိပြီးတဲ့ တိုးကြီးရဲ့ စိတ်ပိုင်းဆိုင်ရာနံရံပျော့ပျော့ကို ဦးပေါက်စီရဲ့ နောက်ဆုံးမြားချက်တွေက အဆုံးထိ ထိုးဖောက်ပစ်လိုက်တယ်။

"ဒီမှာ တိုးကြီး၊ မင်းက ဘုံဆိုင်ထဲမှာထိုင်ပြီးရပ်နေတဲ့နာရီတွေနဲ့ ရှေ့ဆက်သွားဖို့ ကြိုးစားမလို့လား"

တိုးကြီး သူ့ဆံပင်ရှည်တွေထဲ လက်ငါးချောင်းနဲ့ ထိုးဖွပြီး ဆိုင်လေးထဲက ထွက်သွားတယ်။ ဦးပေါက်စီကတော့ ဘာမှမဖြစ်ခဲ့သလိုမျက်နှာပေးနဲ့ ဆိုင်ကလေးထဲ ဒီအတိုင်းပဲ ကျန်နေခဲ့တယ်။ သူ့အသက် ခုနစ်ဆယ်ကျော်အတွင်း တိုးကြီးလိုလူတွေ တွေ့ဖူးပေါင်းများလှပြီဆိုတဲ့သဘောပဲလား။

ဘာစိတ်ကူးပေါက်တယ်မသိဘူး။ ခြံစည်းရိုးအပြင်ဘက်ရောက်သွားမှ တိုးကြီးက ဆိုင်ဘက်ကို တစ်ချက်ပြန်လှည့်ကြည့်တယ်။ ဆိုင်ကလေးက မီးရောင်မှိန်မှိန်အောက်မှာ အရင်လို ကုပ်ချောင်းချောင်းပါပဲ။ ဒီကုပ်ချောင်းချောင်းဆိုင်လေးထဲမှာ နာရီတွေဟာ ရပ်တန့်နေသတဲ့။ တိုးကြီး အကြီးအကျယ် ထိတ်လန့်သွားပြန်တယ်။ ကြီးမားလှတဲ့ သံဝေဂတရားက သူ့ရင်ဝကို အရှိန်နဲ့ပြေးဆောင့်လိုက်တယ်။ ရုတ်တရက် သူ့မျက်နှာဟာ အောက်ခံမြေကြီးနဲ့ နီးကပ်သွားတယ်။

သူ့အသက်ငါးဆယ်ကျော်အတွင်း ဘုံဆိုင်ထဲမှာ ကျောက်ချထိုင်ရင်း နာရီတွေကို သူ ဘယ်လောက်တောင် ရပ်တန့်ပစ်ခဲ့ပြီလဲ။

နာကျင်စွာ နာကျင်စွာ ရေတွက်နေဆဲမှာပဲ။

အသက်ခုနစ်ဆယ်ကျော်အမေအိုရဲ့ ခွင့်လွှတ်ခြင်းနဲ့လိမ်းခြယ်ထားတဲ့ အရေပြားတွန့်တွန့် အပြုံးမျက်နှာကို နီစွေးတဲ့သွေးအိုင်ထဲမှာ တိုးကြီး ဖျတ်ခနဲမြင်လိုက်ရတယ်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၀၈၇၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ခင်ဦး စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၀၈၇၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၂၈၀၃ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၀၈၇၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၆၉ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်း ၆၂၈၀၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၂၀၈၇၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်၍ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရေဘဝဲပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရေဘဝဲပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ရေဘဝဲ ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်းရေဘဝဲပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်က တင်ပို့တဲ့ ရေထွက်ကုန်တွေရဲ့ အဓိကဈေးကွက်ပါ။ ဩဂုတ်လအတွင်း ရေဘဝဲပိဿာချိန် ၇၅၀၀၀ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့ အရွယ်အစား၊ အလေးချိန်ပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲ ရှိပါတယ်။ လက်ရှိမှာလဲ ရေဘဝဲတွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ရေဘဝဲတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကိုလဲ ပြန်လည်တင်ပို့ရောင်းချနေတယ်လို့ သိရပါတယ်"ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။



ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၄၅၀၀၊ ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သံတောင်ကြီးမြို့နယ် ထမုံ(လယ်+ဥယျာဉ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး စက်တင်ဘာ ၁၆**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ သံတောင်ကြီးမြို့နယ် ထမုံ(လယ်+ဥယျာဉ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးစောဟဲဒိုစိုးနှင့် သံတောင်ကြီးမြို့နယ်မှ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ထမုံ(လယ်+ဥယျာဉ်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(နည်းပညာ)က အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၈ ကို ငွေကျပ် ၃၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အထွေး**

## စည်းလုံးပါစေ

\- မြန်မာပြည် တကယ်ချစ်
ကျွံမနစ် စိတ်ဓာတ်တွေ၊
ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး
ကောင်းကျိုးကိုဖွေ၊
နိုင်ငံ့အတွက် တာဝန်ကျေ
ထမ်းဆောင်လေ ရိုးသား၊
ဘေးတိုက်ကာ အသွင်မရိုင်း
တိုင်းပြည်လေးစား။

\- အမှောင်စံ သွေးခွဲစကား
ပြောကြားခြင်း ရှောင်ကြဉ်ပါ၊
အလင်းဝင် လူသားအဖြစ်
ထုဆစ်မှန်စွာ၊
အသိစိတ် ဝင်လျက်သာ
ကိုယ့်နိုင်ငံမှာ နေထိုင်ပေး၊
မြန်မာပြည် ဇာတိရပ်က
မွန်မြတ်ရဲ့လေး။

\- ရင်ထဲဝယ် အမျိုးသားရေး
သွေးမအေး ထာဝစဉ်၊
ရွှေနိုင်ငံ ကျေးဇူးသိ
ဂုဏ်ရှိစေချင်၊
စိတ်ဓာတ်မှိုင်း တို့ရှောင်ကြဉ်
မြန်ပြည်တစ်ခွင် အေးချမ်းဖို့၊
အတူတူ တွဲလက်များနဲ့
ကြိုးစားကြစို့။

\- ပြည်မြန်မာ မျိုးချစ်တို့
စည်းလုံးမချို့ ငြိမ်းချမ်းအောင်၊
နိုင်ငံတော် လမ်းညွှန်ချက်ဖြင့်
ဆက်လက်ရှက်ဆောင်၊
သခင်မျိုး ဂုဏ်ထွန်းပြောင်
တို့ညီနောင် မြန်ပြည်သား၊
မြန်မာ့မြေ တို့မခွဲဘဲ
အစဉ်မြဲနေသွား။ ။

**မောင်မျိုးချစ်(အညာမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# တရားမကြီးမှုစွဲဆိုရန် ဒေသဆိုင်ရာတရားရုံးမှန်ကန်ရန်လိုအပ်ခြင်း

စိန်လှိုင်ဗိုလ်

တရားမမှုများစွဲဆိုကြရာတွင် စွဲဆိုရမည့်တရားရုံးကို ရွေးချယ်ကြရပါသည်။ တရားလိုက မြို့နယ်တစ်ခုတွင်နေသည်။ တရားပြိုင်က အခြားမြို့နယ်တစ်ခုတွင်နေသည်။ တရားပြိုင်နေထိုင်ရာအရပ်တွင်ရှိသောပစ္စည်းကို အရောင်းအဝယ်အတွက် စရန်ငွေပေးချေရာတွင် တရားလိုနေထိုင်သော အရပ်ဒေသတွင် စာချုပ်ချုပ်ကြသည်။ ရောင်းချသူဘက်မှ စရန်ပေးစာချုပ်ပါ စည်းကမ်းချက်ကို လိုက်နာရန်ပျက်ကွက်သောအခါ စရန်ငွေပေးအပ်သူက ကျန်ငွေကိုလက်ခံ၍ အပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် သို့မဟုတ်ပါက စရန်ငွေ၏ နှစ်ဆရလိုမှုကို ပစ္စည်းတည်ရှိရာအရပ်မဟုတ်သော မြို့၏ တရားရုံးတွင်စွဲဆိုသည်။ စရန်ငွေပေးသည့်မြို့၏ တရားရုံးတွင်စွဲဆိုရမည်လား။ စရန်ငွေလက်ခံသူ၏မြို့ ရောင်းချသည့် ပစ္စည်းတည်ရာမြို့တွင် စွဲဆိုရမည်လား။ အငြင်းပွားမှုတစ်ခုရှိခဲ့ပါသည်။ တရားစွဲဆိုရမည့် နေရာဒေသနှင့်ပတ်သက်၍ တရားရုံးချုပ်က စီရင်ဆုံးဖြတ်ခဲ့သော လမ်းညွှန်စီရင်ထုံးတစ်ခုကို အကြောင်းပြု၍ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

မန္တလေးခရိုင်တရားရုံး ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-(၁၄၃) တွင် ဦးဝင်းအောင် ခေါ် တွမ်ရင်ကန်းက ဦးမြင့်ဆွေ၊ ဒေါ်ချိုတို့အပေါ် "မြေအရောင်းအဝယ်စရန်ပေးကတိစာချုပ် ပဋိညာဉ်အတိုင်း ရောင်းကြေးကျန်ငွေကျပ်သိန်း ၆၅၀ ကိုလက်ခံ၍ မြေအရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး မြေနှင့်အဆောက်အအုံကို လက်ရောက်လွှဲပြောင်းပေးအပ်စေလိုမှု သို့မဟုတ် ရယူထားသော ရောင်းကြေးငွေ၏ နှစ်ဆတိတိဖြစ်သော ငွေကျပ်သိန်း ၃၇၀၀ ကို ပြန်လည်ပေးအပ်စေလိုမှု" စွဲဆိုခဲ့သည်။

တရားရုံးက ပဏာမငြင်းချက်ထုတ်ခဲ့သည်။ **"ဤအမှုကို ဤရုံးတော်တွင် စီရင်ပိုင်ခွင့် မရှိသည်မှာ မမှန်"**ဟု ဖြေဆိုအမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကိုဦးမြင့်ဆွေပါနှစ်ဦးက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ တရားမပြင်ဆင်မှု တင်သွင်းရာအောင်မြင်မှုမရရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြင်ဆင်မှုတင်သွင်းခဲ့ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မန္တလေးခရိုင်တရားရုံးက တရားမကျင့်ထုံးဥပဒေပုဒ်မ-၂၀(ဂ) တွင် တရားစွဲဆိုရန်အကြောင်း လုံးလုံးလျားလျားဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ပေါ်ပေါက်ရာဒေသတွင် တရားမမှုကို စွဲဆိုနိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ တရားလိုသည် တရားပြိုင်တို့နှင့်စရန်ပေးစာချုပ်ကို မန္တလေးမြို့တွင် ပြုလုပ်ကြောင်း အဆိုပြုထားသဖြင့် မန္တလေးမြို့သည် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ရာဒေသဖြစ်ကြောင်း သုံးသပ်ပြီး **ဤရုံးတော်တွင် စီရင်ပိုင်ခွင့်မရှိသည်မှာ မမှန်**ဟု အမိန့်ချမှတ်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က မန္တလေးခရိုင်တရားရုံး၏ အမိန့်ကို ဆက်လက်အတည်ပြုခဲ့သည်။

တရားလို ဦးဝင်းအောင်ခေါ် ဦးတွမ်ရင်ကန်းက ဦးမြင့်ဆွေ၊ ဒေါ်ချိုတို့အပေါ် "မြေအရောင်းအဝယ်စရံပေးကတိစာချုပ် ပဋိညာဉ်အတိုင်း ရောင်းကြေးကျန်ငွေကျပ်သိန်း ၆၅၀ ကိုလက်ခံ၍ မြေအရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး မြေနှင့်အဆောက်အအုံကို လက်ရောက်လွှဲပြောင်းပေးအပ်စေလိုမှု သို့မဟုတ် ရယူထားသော ရောင်းကြေးငွေ၏ နှစ်ဆတိတိဖြစ်သော ငွေကျပ်သိန်း ၃၇၀၀ ကိုပြန်လည်ပေးအပ်စေလိုမှု"စွဲဆိုခြင်းဖြစ်၍ **သက်သာခွင့်ကိုတစ်ခုမဟုတ်တစ်ခု တောင်းဆိုထားခြင်းဖြစ်ကြောင်း** တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

တရားလို၏ အဆိုလွှာတွင် စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ရွာထောင်အရှေ့ အကွက်အမှတ် (၇၉၇)၊ ဦးပိုင် (က/၃၁)၊ ဧရိယာ(၀ ဒသမ ၁၁၀)ဧက အကျယ်အဝန်းရှိသည့် တရားပြိုင်ဦးမြင့်ဆွေ အမည်ပေါက်ဂရန်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အဆောက်အအုံ ရေ၊ မီးအပါအဝင် ပေါက်ရောက်ရာသစ်ပင်၊ ဝန်းခြံကာရံ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တန်ဖိုးငွေကျပ်သိန်း ၂၅၀၀ ဖြင့် အရောင်းအဝယ်ပြုရန် နှစ်ဖက်သဘောတူညီကြသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာ ၉ ရက်က ချမ်းအေးသာဇံမြို့နယ် "ယူနစ်"လက်ဖက်ရည်ဆိုင်တွင် စရန်ပေးကတိစာချုပ် ချုပ်ဆို၍ စရန်ငွေအဖြစ် ငွေကျပ်သိန်း ၁၈၅၀ ကိုပေးခဲ့ကြောင်း၊ ကျန်ငွေသိန်း ၆၅၀ ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ဆက်လက်ပေးချေရန် နှစ်ဖက်သဘောတူ ဝန်ခံကတိပြုကြောင်း၊ မြေအရောင်းအဝယ်စရန်ပေးကတိစာချုပ် ပဋိညာဉ်အတိုင်း ရောင်းကြေးကျန် ငွေကျပ်သိန်း ၆၅၀ ကိုလက်ခံ၍ မြေအရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး မြေနှင့် အဆောက်အအုံကို လက်ရောက်လွှဲပြောင်းပေးအပ်စေလိုကြောင်း၊ တရားပြိုင်များသည် စစ်ကိုင်းမြို့တွင် နေထိုင်ကြသူများဖြစ်ကြောင်း အဆိုပြုစွဲဆိုထားသည်ကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။



အဆိုလွှာအရ စရန်ပေးကတိစာချုပ်ကို ချမ်းအေးသာဇံမြို့နယ်တွင်ချုပ်ဆိုခဲ့ပြီး ထိုစာချုပ်ပါအတိုင်း ဆောင်ရွက်ပေးခြင်းမရှိ၍ တရားပြိုင်များအပေါ် စာချုပ်ပါအတိုင်း ဆောင်ရွက်ပေးရန် တောင်းဆိုရာတွင် **စရန်ငွေ၏ နှစ်ဆသက်သက်ကိုသာ ပေးရန်တောင်းဆိုမှုမဟုတ်ပေ။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်းသည့် တောင်းဆိုချက်လည်း ပါဝင်တောင်းဆိုထားသည်ကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ထောက်ရှုစိစစ်ခဲ့သည်။**

တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၆(ဃ)တွင် မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်း၍ အခြားရပိုင်ခွင့် သို့မဟုတ် အကျိုးသက်ဆိုင်ခွင့်တစ်ရပ်ရပ်ကို အဆုံးအဖြတ်ပေးရန်စွဲဆိုမှုကို **ထိုပစ္စည်းတည်ရာဒေသအတွင်းရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် စွဲဆိုရမည်ဟု ပြဋ္ဌာန်းထားသည်။**

သို့ရာတွင် တောင်းဆိုသည့် သက်သာခွင့်ကို တရားပြိုင်ကိုယ်တိုင် လိုက်နာဆောင်ရွက်ပေးခြင်းဖြင့် အပြည့်အဝရရှိနိုင်မည်ဖြစ်ပါက ထိုအမှုကို ထိုပစ္စည်းတည်ရာဒေသအတွင်း၌ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတွင်ဖြစ်စေ၊ တရားပြိုင်အလိုအလျောက် အမှန်တကယ် နေထိုင်ခြင်းသော်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းသော်လည်းကောင်း၊ မိမိကိုယ်တိုင်ကိုယ်ကျိုးအမြတ်အစွန်းအတွက် အလုပ်လုပ်ကိုင်ခြင်းသော်လည်းကောင်း ပြုရာဒေသ၌ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတွင်ဖြစ်စေ စွဲဆိုနိုင်သည်ဟု ခြွင်းချက်ပြုထားကြောင်း ရုံးတော်က ထောက်ရှုဝေဖန်ခဲ့သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၆၏ ခြွင်းချက်အရဆိုပါက တရားရုံးတစ်ရုံးသည် အခြားတရားရုံး၏ စီရင်ပိုင်ခွင့်ဒေသအတွင်းတည်ရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ သက်သာခွင့်ရရန်စွဲဆိုမှုကို မိမိ၏စီရင်ပိုင်ခွင့်ဒေသအတွင်း နေထိုင်သော တရားပြိုင်ကိုယ်တိုင် လိုက်နာဆောင်ရွက်စေခြင်းဖြင့် အပြည့်အဝရရှိနိုင်မည်ဖြစ်လျှင် **အချင်းဖြစ်ပစ္စည်းသည် မိမိ၏စီရင်ပိုင်ခွင့်ဒေသအတွင်း မတည်ရှိစေကာမူ ထိုအမှုမျိုးကို စီရင်ပိုင်ခွင့်အာဏာရှိသည်။** ထိုကိစ္စသည် မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်းပြီး ပုဂ္ဂိုလ်ကြောင်းအရ အရေးယူဆောင်ရွက်ခြင်းဖြစ်၍ အချင်းဖြစ်မရွှေ့မပြောင်းနိုင်သော ပစ္စည်းသည် အခြားတရားရုံး၏ စီရင်ပိုင်ခွင့်ဒေသအတွင်း၌ တည်ရှိစေကာမူ တရားပြိုင် နေထိုင်ရာဒေသရှိ ငွေကြေးဆိုင်ရာစီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးက စီရင်ပိုင်ခွင့်ရှိခြင်းဖြစ်ကြောင်း **အေရှားဘီး(ခ) ဟန်ဆာဘီဘီနှင့် ဂူလမ်ဟူစိန်ဆူလေမန်အဘူး အမှုအတွဲ-၁၁ အောက်မြန်မာပြည်စီရင်ထုံး စာ-၁၈၈ ကို ရည်ညွှန်းခဲ့သည်။**

မြေအရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးရန်ကိစ္စသည် တရားပြိုင်ကိုယ်တိုင် လိုက်နာဆောင်ရွက်ပေးခြင်းဖြင့် ပြီးမြောက်စေနိုင်သည်ဖြစ်၍ ထိုသက်သာခွင့်မျိုးသည် ပုဒ်မ-၁၆ ၏ ခြွင်းချက်တွင် အကျုံးဝင်ခြင်းဖြစ်သည်။

ယခုအမှုသည် စစ်ကိုင်းမြို့တွင်နေထိုင်သော တရားပြိုင်တို့အပေါ် စစ်ကိုင်းမြို့တွင် တည်ရှိသည့် အချင်းဖြစ်မြေကွက် အဆောက်အအုံအရောင်းအဝယ် ပဋိညာဉ်နှင့်စပ်လျဉ်း၍ တောင်းဆိုသည့်သက်သာခွင့်များအနက် ရောင်းကြေးကျန်ငွေကျပ်သိန်း ၆၅၀ ကိုလက်ခံ၍ မြေအရောင်းအဝယ်စာချုပ် ချုပ်ဆိုသည့် သက်သာခွင့်သက်သက်မှာ တရားပြိုင်တို့ကိုယ်တိုင် လိုက်နာဆောင်ရွက်ပေးခြင်းဖြင့် ပြီးမြောက်စေနိုင်သည်။ သို့ဖြစ်၍ ပုဒ်မ-၁၆၏ ခြွင်းချက်နှင့် အကျုံးဝင်သဖြင့် **တရားပြိုင်များနေထိုင်ရာဒေသရှိ စီရင်ပိုင်ခွင့်အာဏာရှိသောတရားရုံးတွင် စစ်ဆေးပိုင်ခွင့်ရှိသည်။**

**မြေနှင့်အဆောက်အအုံကိုလက်ရောက်လွှဲပြောင်းပေးအပ်စေလိုသော သက်သာခွင့်မှာမူ တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၆ ၏ ခြွင်းချက်တွင် အကျုံးဝင်သက်ဆိုင်သည့် ကိစ္စမဟုတ်ကြောင်း ရုံးတော်က ဝေဖန်စိစစ်ခဲ့ပါသည်။**

မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်ရောက်ပေးအပ်စေရန်တောင်းဆိုမှုသည် တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၆(ဃ)အရ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ အခြားရပိုင်ခွင့် သို့မဟုတ် အကျိုးသက်ဆိုင်ခွင့်တစ်ရပ်ရပ်ကို အဆုံးအဖြတ်ပေးရန် လိုအပ်သည့်အမှုဖြစ်သည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်းသည့် အရောင်းအဝယ်ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုသည် တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၆(ဃ)နှင့် အကျုံးဝင်သည်။ **ထိုစွဲဆိုမှုကို ပစ္စည်းတည်ရာအရပ်၌ အမှုတန်ဖိုးအရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် စွဲဆိုရမည်ဖြစ်ကြောင်း ဦးစိန်လှိုင်နှင့် ဦးချန်တာလုံအမှု ၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၃ ကို ရုံးတော်က ရည်ညွှန်းခဲ့ပါသည်။**

တရားမကျင့်ထုံးဥပဒေပုဒ်မ-၂၀ တွင် ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ပုဒ်မ-၁၆ အပါအဝင် ရှေ့ကလာသော ကန့်သတ်ချက်များကို အထောက်အထားပြုရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသဖြင့် ပုဒ်မ-၁၆(ဃ)ပြဋ္ဌာန်းချက်သည် ပုဒ်မ-၂၀ ပါ ပြဋ္ဌာန်းချက်ကို လွှမ်းမိုးသည်။

တရားပြိုင်များနေထိုင်ရာအရပ်သည် စစ်ကိုင်းမြို့တွင်ဖြစ်၍ တရားလိုစွဲဆိုသောအမှုသည် တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၆(ဃ) ၂၀(က)တို့နှင့်အညီ **အချင်းဖြစ်ပစ္စည်း၊ တည်ရှိရာဒေသတရားပြိုင်များနေထိုင်ရာဒေသဖြစ်သည့် စစ်ကိုင်းတိုင်းအတွင်း စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးတွင်သာ တရားစွဲဆိုရန်ဖြစ်ကြောင်း** ရုံးတော်ကစိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

သို့ဖြစ်၍ မန္တလေးခရိုင်တရားရုံးနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တို့က စရန်ပေးစာချုပ်ချုပ်ဆိုသည့် မန္တလေးမြို့တွင် စီရင်ပိုင်ခွင့်အာဏာရှိကြောင်းနှင့်စွဲဆိုမှုသည် တရားမကျင့်ထုံးဥပဒေပုဒ်မ-၂၀(ဂ)ပါပြဋ္ဌာန်းချက်နှင့် ညီညွတ်ကြောင်း သုံးသပ်၍ မန္တလေးခရိုင်တရားရုံးတွင် စီရင်ပိုင်ခွင့်မရှိဆိုသည်မှာမမှန်ကြောင်း ချမှတ်သည့်အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်ခြင်းမရှိသဖြင့် ဤပြင်ဆင်မှုရုံးက ပြင်ဆင်ပေးရမည်ဖြစ်ကြောင်း သုံးသပ်လမ်းညွှန်ခဲ့ပါသည်။

ထို့ကြောင့် ဤတရားမပြင်ဆင်မှုကိုခွင့်ပြုသည်။ မန္တလေးခရိုင်တရားရုံး၏အမိန့်ကို အတည်ပြုသော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ ပဏာမရုံးငြင်းချက်ကို **"ဤအမှုကို မန္တလေးခရိုင်တရားရုံးတွင် စီရင်ပိုင်ခွင့်မရှိသည်မှာမှန်ကြောင်း"** ဖြေဆိုလိုက်ပါသည်။ တရားလိုသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် စွဲဆိုနိုင်ရန် တရားမကျင့်ထုံးဥပဒေအမိန့်-၇၊ နည်းဥပဒေ -၁၀ အရ တရားလိုသို့ အဆိုလွှာပြန်ပေးစေရန် အမိန့်ချမှတ်လိုက်ပါသည်။

တရားမကျင့်ထုံးဥပဒေ၏ ၁၆(ဃ)၊ ၂၀(က) စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရေးသားတင်ပြထားသဖြင့် စာဖတ်သူအနေဖြင့် ဤစာကို တစ်ခေါက်တည်းဖတ်၍ နားလည်သဘောပေါက်ကောင်းမှ ပေါက်ပါလိမ့်မည်။ မန္တလေးခရိုင်တရားရုံးနှင့် မန္တလေးတိုင်းတရားလွှတ်တော်တို့၏ အဆုံးအဖြတ်ကို အထက်ရုံးတော်မှ လက်မခံကြောင်း၊ ပြင်ဆင်လိုက်ကြောင်းကိုမူ သိရှိနိုင်ကြပြီဖြစ်ပါသည်။ မြေနှင့်အဆောက်အအုံကို လက်ရောက်လွှဲပြောင်း ပေးအပ်စေလိုသော သက်သာခွင့်မှာမူ တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၆၏ ခြွင်းချက်တွင် အကျုံးဝင်သက်ဆိုင်သည့်ကိစ္စမဟုတ်ကြောင်း ပြင်ဆင်မှုရုံးတော်က စိစစ်သုံးသပ်ခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ **ဦးမြင့်ဆွေပါ ၂ နှင့် ဦးဝင်းအောင် (ခ) တွမ်ရင်ကန်း ၂၀၂၂ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၆၆၆** အမှုစီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသား တင်ပြလိုက်ရပါသည်။

# စစ်ကိုင်းခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၁၆၄၉၀ စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

စစ်ကိုင်း စက်တင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၆၄၉၀ စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ဧက ၁၉၁၀၊ မြင်းမူမြို့နယ်တွင် ၂၁၂၅ ဧကနှင့် မြောင်မြို့နယ်တွင် ၁၂၄၅၅ ဧက စုစုပေါင်း ဧက ၁၆၄၉၀ တို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ မတ်ပဲ ဧက ၁၆၄၉၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ မတ်ပဲတွေလျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသွားမယ်"ဟုစစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် မတ်ပဲသီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဒိုက်ဦးမြို့နယ် ပလစ်ကျေးရွာ၌ ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ဒိုက်ဦး စက်တင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုတာဝန်ရှိသူများက စက်တင်ဘာ ၁၅ ရက်နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပလစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဒိုက်ဦးမြို့နယ် ပလစ်ကျေးရွာ၌ အရှည်ပေ ၁၂၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း၊ စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၁၆၀ ဖြင့် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ စက်တင်ဘာ ၃ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းကျော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ပလစ်ကျေးရွာရှိ အိမ်ခြေ ၂၀၇အိမ်၊ လူဦးရေ ၁၄၄၇ ဦးတို့၏ သွားလာရေး လွယ်ကူလာမည်ဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းထံမှ သိရသည်။ ကိုညီ

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကောက်ရိုးမှို ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး စက်တင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဩဂုတ်လအတွင်း ဒေသထွက် စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် မှိုစိုက်ပျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ရည်ဦးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ကောက်ရိုးမှို ပိဿာချိန် ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လအတွင်း ကောက်ရိုးမှို ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ လက်ရှိကောက်ရိုးမှိုတွေ ထွက်ရှိနေပါတယ်။ ဒီဒေသ ထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုတင်ပို့တာများပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း မှိုပိဿာချိန် ၆၈၀၀၀ ကျော်ထိ ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ မှိုတွေကို ရန်ကုန်ဝယ်လက်တွေက ကုန်အမှာတွေများနေပါတယ်။ ပြည်တွင်းစားသောက်ဆိုင်တွေ၊ဟိုတယ်တွေကအသုံးပြုတာများလာလို့ဝယ်လိုအားလဲ တက်လာဖြစ်ပါတယ်''ဟု ဘိုကလေးမြို့နယ် မှိုစိုက်ပျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရည်ဦးက ပြောပြသည်။



ဘိုကလေးမြို့နယ်တွင် ကောက်ရိုးမှိုများကို ဒေသခံစိုက်ပျိုးရေးလုပ်ငန်းရှင် တစ်ဦးလျှင် အရှည်ပေ ၃၀ ရှိ ပေါင် ၁၀ ပေါင်မှ ပေါင် ၂၀ ထိ စိုက်ပျိုးကြကြောင်း၊ အဆိုပါ ကောက်ရိုးမှိုတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# လှည်းကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသထွက်ကုန်သီးနှံများ ရာသီမရွေး သယ်ယူပို့ဆောင်နိုင်ရန်အတွက် မင်းလွင်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို တာဝန်ရှိသူများက စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးသန့်ဇော်လွင်၊ လှည်းကူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်သန်း၊ လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးနှင့် တာဝန်ရှိသူများက မင်းလွင်ကုန်းကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ လမ်းအရှည် ၇ ဒသမ ၅၇၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသား နှစ်ပေ၊ ဂဝံကျောက်ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)က လုပ်ငန်းများအားလုံး စံချိန်စံညွှန်းအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၇၅ ဒသမ ၈၉၄ သန်းဖြင့် ယခုနှစ် ဇူလိုင် ၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပြီး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက မင်းလွင်ကုန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ လယ်ယာဧက ၈၀၀ တွင် စိုက်ပျိုးထားသော ဒေသထွက်ကုန် သီးနှံမျိုးစုံကို ရာသီမရွေး ဈေးကွက်သို့ သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ အထွေး

# ကျောက်ဆည်မြို့နယ် ငါးအိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကျောက်ဆည် စက်တင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးအိုးကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးခြင်းကို အဆိုပါကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရန်ပုံငွေကျပ် ၄၄၅ ဒသမ ၂ သိန်း ကို ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒသမအကြိမ်အဖြစ် ငါးအိုးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၄၂ ဦးတို့အတွက် ရန်ပုံငွေကျပ် ၄၄၅ ဒသမ ၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နီလာ

# ငါးသင်ဝါငါး၏ အသုံးဝင်ပုံ

**နှင်းအိ(ရာမည‌မြေ)**

ငါးသင်ဝါငါးများသည် အရိုးမာငါးများဖြစ်ကြပြီး ကမ်းရိုးတန်းရေပြင်၊ ပင်လယ်အော်၊ မြစ်ဝနှင့်ကမ်းဦး ရေတိမ်ပိုင်းတို့တွင် နေထိုင်လေ့ရှိကြသည်။ ငါးသင်ဝါငါးသည် ရေချိုရေငန်စပ် ငါးအမျိုးအစားတွင်ပါဝင်ပြီး မြစ်၊ ချောင်းတို့တွင်လည်းနေထိုင်ကာ ပင်လယ်နှင့်ထိစပ်သောနေရာများတွင် အများဆုံးဖမ်းယူရရှိသည်။ ငါးသင်ဝါငါးသည် ရေအောက်ကြမ်းပြင်နေ ငါးအမျိုးအစားဖြစ်ပြီး ၎င်းတို့၏ထူးခြားမှုမှာ ငါးစည်ဖောင်းမှတစ်ဆင့် ကြွက်သားကိုအသုံးပြုကာ အသံထုတ်လုပ်ပေးလေ့ရှိကြသည်။

ငါးသင်ဝါငါးဆိုသည့်အတိုင်း ငါးအရောင်မှာ အဝါရောင်သန်းနေပြီး အကြေးခွံပါးလွှာကြသည်။ ဦးခေါင်းလုံးသယောင်ရှိသည်။ အောက်ဘက်ရှိ မေးရိုးသည် အထက်မေးရိုးထက် အနည်းငယ်ရှည်သည်။ ကိုယ်ထည်မှာသွယ်လျလျရှိသည်။ ကျောရိုးဆူးတောင်သည် အမြီးတိုင်အောင်ရှိသည်။ အမြီးခွမရှိဘဲ အမြီးချွန်သည်။ ရေယက်နှင့် စအိုဆူးတောင်လည်း ပါရှိသည်။

ငါးသင်ဝါငါးကို အင်္ဂလိပ်လို Yellow Croaker ဟုခေါ်ဆိုကြပြီး သိပ္ပံအမည်မှာ Chrysochir Aureus ဖြစ်သည်။ အထူးသဖြင့် ငါးသင်ဝါငါးကို ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသနှင့် မုတ္တမပင်လယ်ကွေ့တို့တွင် ပိုမိုတွေ့ရတတ်သည်။ ငါးသင်ဝါငါး၏ ခန္ဓာကိုယ်အလျားသည် ပုံမှန်အားဖြင့် ၂၅ စင်တီမီတာရှိပြီး အမြင့်ဆုံးမှာ စင်တီမီတာ ၃၀ ထိ ရှိသည်။ ငါးသင်ဝါငါး၏ သားပေါက်ရာသီမှာ ဇူလိုင်လမှ စက်တင်ဘာလထိဖြစ်သည်။ ငါးသင်ဝါငါးသည် အသားစားငါးဖြစ်ပြီး ငါးငယ်နှင့် ကျောရိုးမဲ့ရေသတ္တဝါများကို ၎င်းတို့၏အစာအဖြစ် စားလေ့ရှိကြသည်။

**ငါးသင်ဝါငါးစားဖွယ်စုံ**

ငါးသင်ဝါငါးကို အမျိုးမျိုးပြုလုပ်၍ စားသုံးကြသည်။ ချက်၍လည်းကောင်း၊ ကြော်၍လည်းကောင်း၊ ပေါင်း၍လည်းကောင်းစားသည်။ ငါးသင်ဝါငါးစည်ဖောင်းမှာလည်း ဈေးကောင်းပြီး ငါးသင်ဝါငါးစည်ဖောင်းသုပ်၊ ငါးစည်ဖောင်းဟင်းချိုမှာလည်း နာမည်ကြီးသည်။ ထို့ပြင် ငါးသင်ဝါငါးကို အချဉ်တည်၍လည်းစားကြသည်။ ငါးသင်ဝါငါးချဉ်သည် ငါးခုံးမချဉ်၊ ငါးဖယ်ချဉ်တို့ထက်ချိုကာပို၍အရသာရှိသည်ဟုဆိုသည်။ ငါးသင်ဝါငါးကို အစိုချက်စားရာတွင် ပေါ့သလိုရှိသော်လည်း ငါးခြောက်ပြုလုပ်၍ ကြော်ချက်စားပါက အရသာထူးလှသည်။ ထို့ပြင် ငါးသင်ဝါငါးကို ငါးပိချက်လည်းချက်စား၍ရသကဲ့သို့ အခြားသင့်လျော်သလို ကြော်ချက်၍လည်း စားသုံးနိုင်သည်။ ငါးသင်ဝါငါးဥမှာလည်း မည်သည့်ငါးဥနှင့်မျှမတူဘဲ ထူးထူးခြားခြားဆိမ့်သော အရသာရှိသည်။

**ငါးသင်ဝါငါး၏ အရသာနှင့်ဂုဏ်သတ္တိ**

ငါးသင်ဝါငါးသည် ဖန်သောအရသာ အနည်းငယ်ရှိသည်။ ကြေလွယ်သည်။ ဝမ်းခိုင်စေသည်။ အစာမကြေခြင်းနှင့် ဘေးထိုးရင်ကျပ်ဖြစ်ခြင်းတို့ကို ငါးသင်ဝါငါးစားသုံးခြင်းဖြင့် သက်သာစေနိုင်သည်။ ငါးသင်ဝါငါးစည်ဖောင်းနှင့် ဝမ်းပျဉ်းသားတို့ကို စားသုံးခြင်းဖြင့် အကျိုးများစေသည်ဟု သားငါးကျေးဇူးဂုဏ်ကြောင်း နှင့်ဆိုအရ ငါးသင်ဝါငါး၏အရသာနှင့် ဂုဏ်သတ္တိကို ဖော်ပြထားသည်။

**ငါးသင်ဝါငါးအသုံးဝင်ပုံ**

ငါးသင်ဝါငါးကို မြန်မာနိုင်ငံတွင် စားသုံးမှုများပြီး ငါးအစိုသာမက ငါးခြောက်ကိုပါ ဝယ်ယူရရှိနိုင်သည်။ ငါးအစိုထက် ငါးခြောက်မှာပိုမိုအရသာရှိပြီး အရသာပေါ့သဖြင့် သွေးတိုးရောဂါရှိသူများ စားသုံးရန်သင့်သည်။ ငါးသင်ဝါငါး၏ ဦးခေါင်းတစ်ဖက်တစ်ချက်တွင် အဖြူရောင်ကျောက်တစ်လုံးစီ ပါရှိတတ်ကြသည်။



ထိုကျောက်သည် ဆေးဖက်ဝင်သည်။ ထို့ပြင် ငါးသင်ဝါငါး၏ ဦးခေါင်းတွင်ရှိသောကျောက်သည် ဆီးနှင့်သက်ဆိုင်သောရောဂါများကို ပျောက်ကင်းစေသည်။ အဆိုပါကျောက်ကို အမှုန့်ကြိတ်၍ သံပရာရည်ဖြင့် ဖျော်သောက်ပါက ဆီးမသွားနိုင်သော မုတ္တကျိတ်နာ- မုတ္တရောဂါကို ပျောက်ကင်းစေသည့်အပြင် ဆီးအိမ်ကျောက်တည်ရောဂါရှိသူများ သံပရာရည်နှင့် စိမ်ထားပြီး သောက်ပေးပါက ဆီးကျောက်များ အရည်ပျော်ကျနိုင်သည်။ ဆီးကျိတ်ရောဂါများအတွက် ငါးသင်ဝါငါးကျောက်ကို သံပရာရည်ဖြင့် စိမ်သောက်ပေးနိုင်သည်။ အကြောအဆစ်ရောင်ရောဂါရှိသူများ၊ လေးဖက်နာရောဂါရှိသူများ အကြောတက်ခြင်း၊ သွေးတက်ခြင်းတို့ မဖြစ်စေသောကြောင့် စားသုံးသင့်သောငါးတစ်မျိုးဖြစ်သည်။

**ငါးသင်ဝါငါး၏ ကျန်းမာရေးအကျိုးကျေးဇူးများ**

ငါးသင်ဝါငါးသည် အာဟာရဓာတ်ကောင်းစွာပါဝင်သော ငါးတစ်မျိုးဖြစ်သည်။ သုတေသီများ၏ အဆိုအရ တစ်ပတ်လျှင် ငါးသင်ဝါငါးအပါအဝင် ငါးမျိုးစုံကို နှစ်ရက်၊ သုံးရက်ခန့် စားသုံးသင့်သည်။ နေ့စဉ်စားနိုင်လျှင် ပိုကောင်းသည်ဟုဆိုသည်။ ငါးသင်ဝါငါးစားခြင်းဖြင့် အောက်ပါကျန်းမာရေး အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။

**အာဟာရဓာတ်ကြွယ်ဝခြင်း**

ငါးသင်ဝါငါးအပါအဝင်ငါးအများစုတွင် ပရိုတင်းဓာတ်ကောင်းကောင်းပါဝင်သည်။ အခြား ဗီတာမင်နှင့်သတ္တုဓာတ်များလည်း များစွာပါဝင်သည်။ အိုမီဂါ-၃ နှင့် အခြားအာဟာရဓာတ်များအပြင် ဗီတာမင်-ဒီ နှင့် ဘီတူးလည်း များစွာပါဝင်သေးသည်။ သံဓာတ်၊ ဇင့်၊ အိုင်အိုဒင်း၊ မဂ္ဂနီဆီယမ်၊ ပိုတက်ဆီယမ် စသည့် သတ္တုဓာတ်များလည်း ကြွယ်ဝသည်။

**နှလုံးရောဂါဖြစ်နိုင်ခြေလျော့နည်းခြင်း**

ငါးသင်ဝါငါးတွင်ပါဝင်သော အဆီဓာတ်သည် နှလုံးကျန်းမာရေးကိုကောင်းစေသည်။ ငါးသင်ဝါငါးအပါအဝင် ငါးပုံမှန်စားသုံးနေသူများသည် နှလုံးထိခိုက်ခြင်း၊ လေဖြတ်ခြင်းနှင့် အခြားနှလုံးရောဂါများ ဖြစ်နိုင်ခြေနည်းပါးသည်။ နှလုံးရောဂါကြောင့် သေဆုံးနိုင်ခြေလည်းနည်းပါးသည်။

**ကလေးများကိုယ်ခန္ဓာဖွံ့ဖြိုးရာတွင် အထောက်အကူပြုခြင်း**

ငါးသင်ဝါငါးတွင်ပါဝင်သော အိုမီဂါ-၃ အမျိုးအစားတစ်မျိုးဖြစ်သည့် DHA သည် ဦးနှောက်နှင့် မျက်စိပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအရေးပါသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်ချိန်၊ ကလေး နို့တိုက်ချိန်များတွင် ပိုမိုလိုအပ်သည်။ ထို့ပြင် ငါးသင်ဝါငါးမှရရှိသော ပရိုတင်းများသည် ကိုယ်ခန္ဓာအစိတ်အပိုင်းအားလုံးဖွံ့ဖြိုးစေနိုင်ရန် အထောက်အကူပြုသည်။

**ဦးနှောက်ကိုအကျိုးပြုခြင်း**

အသက်အရွယ်ကြီးလာသည်နှင့်အမျှ ဦးနှောက်၏ လုပ်ဆောင်နိုင်စွမ်းများ ကျဆင်းလာတတ်သည်။ အထူးသဖြင့် အယ်ဇိုင်းမားလိုရောဂါမျိုးသည် ဦးနှောက်နှင့် မှတ်ဉာဏ်ပိုင်းဆိုင်ရာကို ဒုက္ခပေးတတ်သည်။ သုတေသနများအရ ငါးသင်ဝါငါးအပါအဝင် ငါးစားသုံးမှုများသူများသည် ဦးနှောက်တစ်ရှူးများ ပျက်စီးခြင်းကိုလျော့ကျစေနိုင်သည်။ ငါးများများ စားသုံးခြင်းအားဖြင့် ဦးနှောက်၏ လုပ်ငန်းဆောင်တာများ ကျဆင်းလာနိုင်ခြေကို ကာကွယ်ပေးသည်။

**စိတ်ဓာတ်ကျဆင်းမှုကို ကာကွယ်နိုင်ခြင်း**

စိတ်ကျခြင်း၊ ဝမ်းနည်းခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်အခြေအနေများသည် သင့်နေ့စဉ်ဘဝကို ထိခိုက်စေသည်။ စိတ်ဓာတ်ကျနေချိန်တွင် ငါးသင်ဝါငါးအပါအဝင် ငါးများကို ပိုမိုစားသုံးသင့်သည်ဟု သုတေသီတချို့ကဆိုသည်။ အထူးသဖြင့် အဆီဓာတ်ကြွယ်ဝသောငါးများတွင် အိုမီဂါ-၃ ကြွယ်ဝသဖြင့် စိတ်ကျခြင်းပြဿနာကို သက်သာစေသည်။ ငါးသင်ဝါငါးအပါအဝင် ငါးစားခြင်းသည် စိတ်ကြွစိတ်ကျ အခြေအနေမှာလည်း အထောက်အကူပြုသည်။

**ဗီတာမင်-ဒီ ကြွယ်ဝခြင်း**

ငါးသင်ဝါငါးအပါအဝင် ငါးအမျိုးမျိုးသည် ဗီတာမင်-ဒီကြွယ်ဝသောအရင်းအမြစ်များဖြစ်သည်။ အထူးသဖြင့် အဆီဓာတ်များသော ငါးများတွင် ပိုမိုပါဝင်သည်။

**အမြင်အာရုံအားနည်းခြင်းကို ကာကွယ်ပေးနိုင်ခြင်း**

အသက်အရွယ်ကြီးရင့်လာလျှင် မျက်စိထဲမှ ကြွက်သားများအားနည်းလာတတ်သဖြင့် အမြင်အာရုံဝေဝါးခြင်းဖြစ်တတ်သည်။ ငါးသင်ဝါငါးစားခြင်းသည် အဆိုပါအခြေအနေကို သက်သာစေသည်။ ငါးသင်ဝါငါးအပါအဝင် ငါးအမျိုးမျိုးကို ပုံမှန်စားသုံးပေးနိုင်လျှင် အသက်ကြီးချိန်တွင်ဖြစ်တတ်သော မျက်စိကြွက်သားများအားနည်းခြင်း ဖြစ်နိုင်ခြေကို ၄၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်ဟုဆိုသည်။

**နှစ်ခြိုက်စွာအိပ်ပျော်ခြင်း**

လူတိုင်းသည် တစ်နေ့တာကာလတွင် နှစ်ခြိုက်စွာအိပ်စက်သည့်အချိန် လုံလောက်မှသာ စိတ်ပိုင်းရော၊ ရုပ်ပိုင်းပါ ကျန်းမာရေးကောင်းမွန်စေမည်ဖြစ်သည်။ သုတေသနတစ်ခုတွင် ဖော်ပြထားချက်အရ ငါးသင်ဝါငါးအပါအဝင် ငါးများကို တစ်ပတ်လျှင် သုံးရက်ခန့်စားသုံးသူများသည် နှစ်ခြိုက်စွာအိပ်ပျော်နိုင်ကြောင်း သိရသည်။ သုတေသီများ၏ယူဆချက်အရ ငါးသင်ဝါငါးအပါအဝင် ငါးများတွင် ဗီတာမင်-ဒီ ကြွယ်ဝသောကြောင့် အဆိုပါအကျိုးကျေးဇူးကို ရရှိသည်ဟုဆိုသည်။

အချုပ်အားဖြင့်ဆိုရသော် ငါးသင်ဝါငါးသည် မြန်မာနိုင်ငံတွင် စားသုံးမှုများသော ငါးတစ်မျိုးဖြစ်ပြီး ငါးစို၊ ငါးခြောက်၊ ငါးစည်ဖောင်းများသည် ချို၍ အရသာထူးခြားကောင်းမွန်ပြီး ကျန်းမာရေးအတွက်လည်း ကောင်းကျိုးများစွာ ပေးစွမ်းနိုင်သောကြောင့် စားသုံးပေးသင့်သည့် ရေထွက်ကုန်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။


**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်း၊အတွဲ(၅)
- ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊အမှတ်(၂)
- Fish Base of Myanmar
- Inland Fisheries of Myanmar



**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# အမုန်းစကားရှောင်၍ အပြုံးများဆောင်နိုင်ကြပါစေ

နွေကုံကော်(မြို့လှ)

အချိန်ကား ၂၀၁၀ ပြည့်နှစ်။

နေရာကား ရုရှားနိုင်ငံ မော်စကိုမြို့ရှိ မီးရထား တက္ကသိုလ် စာသင်ချိန်အတွင်း ကျွန်တော်ပြောလိုက်မိသည့် စကားတစ်ခွန်းက **"မီညဲနရာ့ဘီဆာ ဟစ်တလာ"** ဟူ၍။

ရုရှားလို အဓိပ္ပာယ်ကောက်ယူက "ကျွန်တော် ဟစ်တလာကို နှစ်သက်စိတ်ဝင်စားသည်"ဟု တိုက်ရိုက်အဖြေထွက်သည်။ ဒါပေမဲ့ ကျွန်တော် ဆိုလိုချင်သည်က Like ကဲ့သို့နှစ်သက်သည်မဟုတ်။ Interest စိတ်ဝင်စားသည်ဟု "ဟစ်တလာအကြောင်း စိတ်ဝင်စားသည်"ဟုဆိုလိုခြင်းဖြစ်သည်။ သို့သော် ရုရှားဝေါဟာရမကြွယ်ဝတဲ့ "နရာ့ဘီဆာ"အပြင် အခြားသော နှစ်သက်စိတ်ဝင်စားသည်ဟူသည့် ရွေးချယ်စရာစကားမရှာတတ်သဖြင့် သုံးလိုက်မိခြင်းက ရုရှားသူဆရာမ၏ မျက်မာန်တော်ကိုရစေသည်ထိဖြစ်ခဲ့ရသည်။ ကိုယ်က ဟစ်တလာလုပ်ခဲ့သည့်သမိုင်းကြောင်းတွေကို ရိုးရိုးသားသား စိတ်ဝင်စားသည် လေ့လာလိုသည်ဟု ပြောလိုခြင်းသာ။ သို့သော် ဆရာမအတွေးက ကျွန်တော်သည် ဟစ်တလာ အားပေးသူဟူ၍။ မနည်းရှင်းပြ တောင်းပန်လိုက်မှ ကျေအေးသွားသည်။ ကိုယ့်အတွက်တော့ ရိုးရိုးသားသား တစ်ဖက်လူအတွက်တော့ အမုန်းစကား။ ဆရာမရှေ့မှာ ထိုသို့သုံးမိ၍သာ ကံကောင်းသည်ဟုဆိုရပါမည်။ အခြားသူများရှေ့မှာသာဆိုလွယ်မှာမဟုတ်။

တစ်နေ့က ရုပ်သံအစီအစဉ်တစ်ခုကြည့်လိုက်ရသည်။ ကလေးများအတွက်ပညာပေး အစီအစဉ်ဖြစ်၏။ ကွန်ဖြူးရှပ်အကြောင်း ပြောနေခြင်းဖြစ်သည်။ တစ်နေ့သောအခါ တပည့်တစ်ဦးက ဒေါသဖြစ်စရာအကြောင်းနှင့်ကြုံသည်။ ပြန်လည်တုံ့ပြန်လိုကြောင်း ဆရာကွန်ဖြူးရှပ်ကိုပြောရာ ကွန်ဖြူးရှပ်ဆုံးမသော ဥပမာသည် မှတ်သားဖွယ်ကောင်းခဲ့၏။

"တပည့် မင်းမှာ သွားဘယ်နှချောင်းရှိလဲ"

"၃၂ ချောင်းပါဆရာ"

"ခုချိန်ထိ ဘယ်နှချောင်းကျိုးခဲ့ဖူးလဲ"

"တစ်ချောင်းကျိုးဖူးတယ်ဆရာ"

"လျှာကရော ဘယ်နှခုရှိလဲ"

"လျှာကတော့ တစ်ခုတည်းပါ"

"ငါအသက်ကြီးလာပြီ။ ငါ့မှာ မင်းလိုသွား အပြည့်အစုံမရှိတော့ဘူး။ ငါ့ထက် အသက်ကြီးသူတွေဆို သွားတွေပိုနည်းလာကြပြီ။ ဒါပေမဲ့ လျှာကတော့ ဒီအတိုင်းပဲရှိနေတုန်း "

"အဲဒါဘာကြောင့်လဲဆရာ"

"သွားတွေက မာကြောကြတယ်၊ လျှာကပျော့ပျောင်းတယ်၊ နောက်ပြီး သွားကသာ ဒေါသနဲ့ကိုက်ဖြတ်တယ်။ တစ်ခါတလေ လျှာကိုပါ ရန်ပြုတယ်။ သူ့ရဲ့ကြမ်းတမ်းမှုတွေကြောင့်ပဲ သူဟာ ကြာလာတာနဲ့အမျှ ဒုက္ခတွေ့ရတယ်။ ဒါကြောင့် ဒေါသတွေ၊ အမုန်းတွေဟာ ရေရှည်မှာအကျိုးမရှိတာမို့ မင်းရဲ့ ဒေါသတွေကို ထိန်းချုပ်လိုက်ရင် ရေရှည်အထိ ကြံ့ခိုင်သူဖြစ်လာမှာပါ"

မှတ်သားစရာ အဆုံးအမလေးပင်ဖြစ်ပါသည်။ မြန်မာမှုနယ်ပယ်တွင် စကားပြောခြင်းနှင့်ပတ်သက်သည့်အဆုံးအမများ၊ ဆိုရိုး၊ စကားပုံများ များစွာရှိပြီး ဖြစ်ရာ ကာလဒေသ ကိုက်ညီစွာ ပြောဆိုတတ်ကြရန် သာလိုပေသည်။ မတူညီသည့် ဓလေ့ထုံးစံဘာသာစကားတို့ကြောင့် လူမျိုးမတူသည့် နိုင်ငံသားများနှင့် ဆက်ဆံရသည့်အခါ ပို၍သတိထားရသည်။ ကိုယ်က ချစ်ခင်ရင်းနှီးမှုဖြင့် ခေါ်ဝေါ်သုံးစွဲလိုက်သောစကားသည် တစ်ဖက်လူအတွက် အမုန်းစကားဖြစ်သွားတတ်သည်။ မြန်မာရာဇဝင်တွင် "ညီသားနောင်မယ်" ဟူသည့်စကားတစ်ခွန်း အထင်အရှားရှိခဲ့ဖူးသည်။ ထိုစကားတစ်ခွန်းကြောင့် နောင်တစ်ချိန်တွင် စစ်ခင်းရလုနီးနီး ဖြစ်ခဲ့ကြရသည်။ ဘုရားရှင်လက်ထက်ကလည်း ရန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုလှည်းမောင်းပြိုင်ပွဲဝင်သည့် နွားပိုင်ရှင်ကြောင့် နွားကမသွားဘဲ ဆန္ဒပြပေကပ်ခဲ့သည်။ မူလက အပြေးသန်သောနွားသည် ပြိုင်ပွဲတွင် သခင်ဖြစ်သူ၏

> ❖ ရည်မှန်းချက်ချင်းတူညီပါလျက် တစ်ဖက်နှင့်တစ်ဖက် လုပ်နည်းကိုင်နည်းမတူညီအတွေးအမြင်ကွဲပြားမှုတို့ဖြစ်ပေါ်ခဲ့ရကာ မလိုလားအပ်သော နောက်ဆက်တွဲပြဿနာများနှင့် တိုင်းပြည်ရှေ့ခရီး နှောင့်နှေးရသည်။ အပြုသဘောဆောင်သည့် ဝေဖန်ထောက်ပြခြင်းသည် တိုးတက်မှုကိုဖြစ်ပေါ်စေ၏။ ဝေဖန်ထောက်ပြသူကိုယ်တိုင် မှန်ကန်သော အသိအမြင် ဝမ်းစာပြည့်ဝနေရန်လိုပါသည်။ လူတစ်ဦးတစ်ယောက်၊ အသင်းအဖွဲ့တစ်ခုကောင်းကျိုးအတွက်မဟုတ်ဘဲ ဘေးထိုင်ဘုပြောနောက်ကွယ်ကမြှောက်ပေးသည့်အတိုင်း အမုန်းစကားများပြောကြားနေရုံဖြင့် မည်သည့်တိုးတက်မှုမျှရှာဖွေနိုင်လိမ့်မည်မဟုတ်ပေ။ ❖

ကြမ်းတမ်းသော အမုန်းစကားကြောင့် ပိုင်ရှင်ခမျာ အရှုံးနှင့်ကြုံတွေ့ခဲ့ရသည်။ သတိပြုဆင်ခြင်ဖွယ် သာဓကများပင်ဖြစ်ပါ၏။

အကြောင်းအရာ အဖြစ်အပျက်မှန်ကန်နေသည့် တိုင်အောင် အနိုင်ရလိုစိတ်တစ်ခုဖြင့် ထောင်လွှားမောက်မာစွာပြောဆိုခြင်းသည် အမုန်းစကားဖြစ်ပေါ်စေရန် ဖန်တီးခြင်းပင်ဖြစ်၏။ ကူညီလိုဟန်ဖြင့် မြှောက်ထိုးပင့်ကော်ဆောင်ရွက်ခြင်းသည် မိသားစုတစ်စု စိတ်ဝမ်းကွဲရေးမှသည် အဖွဲ့အစည်းတစ်ခု နိုင်ငံတော်တစ်ခုလုံးအထိ သက်ရောက်စေသော အန္တရာယ်ဖြစ်သည်။ မိသားစုဝင်အချင်းချင်း၊ မိတ်ဆွေသူငယ်ချင်းအချင်းချင်း၊ အဖွဲ့အစည်းတစ်ခုအတွင်း စည်းလုံးညီညွတ်မှုအပေါ် လိုလားခြင်းမရှိသူများက ပျက်စီးရေးလမ်းစကိုသာ ရှာကြံပေးကြသည်။ ဤသို့သောနည်းလမ်းများဖြင့် တစ်ဖက်ကမီးစာကိုင် တစ်ဖက်တွင်ရေမှုတ်ကိုင်ပြီး ကမ္ဘာ့နိုင်ငံများစွာတွင် ပဋိပက္ခမီးများတောက်လောင်ခဲ့သည်။ ယနေ့ထိတိုင်အောင်လည်း ပဋိပက္ခဘေးဒဏ်များ ကမ္ဘာအရပ်ရပ် ခံစားနေရဆဲဖြစ်ကာ ပဋိပက္ခဖန်တီးနေကြသူများက နောက်ကွယ်မှပံ့ပိုး၍ ပြည်ဖျက်မီဒီယာများကိုအသုံးချလျက် လေလှိုင်းကြားမှ အမုန်းစကားများကိုထုတ်လွှင့်ဖြန့်ချိနေကြသည်။ မသိနားမလည်ကြသော အဖြူရောင်မျိုးဆက်သစ်လေးများက လေလှိုင်းကြားက မုသားစကားများပေါ်တွင်မျောပါလျက် အဟုတ်ကြီးထင် ပြည်ပအားကိုးလိုစိတ်များဝင်လာကြသည်။

အမုန်းစကား ပြန့်ပွားအောင်ဆောင်ရွက်ခြင်းသည် တိုင်းပြည်ကောင်းကျိုးအတွက် ဂုဏ်ယူစရာဝေဖန်ထောက်ပြခြင်းဖြစ်သည်ဟု မှတ်ယူလာကြသည်။

ရည်မှန်းချက်ချင်းတူညီပါလျက် တစ်ဖက်နှင့်တစ်ဖက် လုပ်နည်းကိုင်နည်း မတူညီအတွေးအမြင်ကွဲပြားမှုတို့ဖြစ်ပေါ်ခဲ့ရကာ မလိုလားအပ်သော နောက်ဆက်တွဲပြဿနာများနှင့် တိုင်းပြည်ရှေ့ခရီး နှောင့်နှေးရသည်။ အပြုသဘောဆောင်သည့် ဝေဖန်ထောက်ပြခြင်းသည် တိုးတက်မှုကိုဖြစ်ပေါ်စေ၏။ ဝေဖန်ထောက်ပြသူကိုယ်တိုင် မှန်ကန်သောအသိအမြင် ဝမ်းစာပြည့်ဝနေရန်လိုပါသည်။ လူတစ်ဦးတစ်ယောက်၊ အသင်းအဖွဲ့တစ်ခု ကောင်းကျိုးအတွက်မဟုတ်ဘဲ ဘေးထိုင်ဘုပြောနောက်ကွယ်က မြှောက်ပေးသည့်အတိုင်း အမုန်းစကားများ ပြောကြားနေရုံဖြင့် မည်သည့်တိုးတက်မှုမျှ ရှာဖွေနိုင်လိမ့်မည်မဟုတ်ပေ။ ယနေ့ တရားဝင်မီဒီယာများရော တရားမဝင် မီဒီယာများတွင်ပါ မြန်မာ့အရေးနှင့်ပတ်သက်၍ သတင်းထုတ်ပြန်မှုများက အားရစရာမရှိလှ။ တရားမဝင် ပြည်ဖျက်မီဒီယာများ၏ နှစ်ရှည်လများအရေထူနေသည့် အတွေးအခေါ်များကို ဥပေက္ခာပြုသော်လည်း ပြည်တွင်းမီဒီယာကြီးတစ်ခုမှာမူ ခုချိန်ထိ အမုန်းစကား၊ အမုန်းတရားများဖြင့်သာ ပြည်သူနှင့်နိုင်ငံတော်ကြား လွဲမှားစွာပေါင်းကူးပေးနေသည်ကို တွေ့ရသည်။ အမေကျော် ထွေးတော်လွမ်းသည့် လုပ်ရပ်များကြောင့် အမုန်းစကား အမုန်းတရားများ ကြီးထွားလာရာမှ တိုင်းပြည်လွတ်လပ်ရေးခရီးဝယ် အာဇာနည်ခေါင်းဆောင်ကြီးများ အသေစောခဲ့ရသည်။ ညီနောင်သားချင်းတို့ကြား သကာဖုံးမျက်နှာများဖြင့် ဝင်ရောက်သွေးခွဲဖျက်ဆီးကြမည့် သမိုင်းတစ်ပတ်လည် အဖျက်အမှောင့်များနှင့် ယနေ့နိုင်ငံတော်ကြုံတွေ့ရလျက်ရှိနေသည်။

ဆင်ခြင်တွေးဆဖွယ် အတိတ်ဖြစ်စဉ်များစွာ ရှိခဲ့ပြီးဖြစ်ပေရာ နှလုံးသားကိုအလှဆင်၍ အမုန်းတရားများကင်းစင်အောင် ကြိုးစားကြစေချင်ပါသည်။ မိမိတို့လူမျိုးသည် အခြားသော လူပုဂ္ဂိုလ်နှင့် ဘာသာများအပေါ် ခွဲခြားခြင်း၊ နှိမ့်ချခြင်း၊ မထီမဲ့မြင်ပြုလိုသူများမဟုတ်ကြ။ ဖြူစင်ရိုးသားမှုကို အခွင့်ကောင်းယူ အမြတ်ထုတ်လိုသော လူတစ်စုကြောင့်သာ လေယူရာယိမ်းခဲ့ရခြင်းဖြစ်၏။ အရေးကြီးကာလမို့ သွေးစည်းပြရတော့မည့်အချိန်တွင် အမုန်းစကားရှောင် အပြုံးများဆောင်၍ ဥမကွဲသိုက်မပျက်စိတ်ဖြင့် ခရီးဆက်ကြပါစို့ဟု ဆန္ဒပြုတိုက်တွန်းအပ်ပါသည်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

ရွှေဦး စက်တင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၂၈၃၁၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နှမ်း ၂၈၃၁၁ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်ဖို့ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ အနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရွှေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)



# မင်းကင်းမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၀၂ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ခရမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မင်းကင်း စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၀၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၃၉၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးမယ်။ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားမယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းကပြောပြ၍ သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ် ပုဇွန်ချောင်းကျေးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဓနုဖြူ စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ဆွဲချောင်းကျေးရွာအုပ်စု ပုဇွန်ချောင်းကျေးရွာ၌ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒေါ်ခိုင်ချိုလွင်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာများက ပုဇွန်ချောင်းကျေးရွာ၌ အရှည် ပေ ၁၂၆၀ ရှိ ဗို့ ၄၀၀ ဓာတ်အားလိုင်း လျှပ်စစ်မီးလင်းရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အဆိုပါ ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး လျှပ်စစ်မီးလိုင်းများကို ရေရှည်တည်တံ့အောင် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၈ ဒသမ ၅၆ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၂၃ ဒသမ ၅၆ သန်း အသုံးပြုပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ နှင့် မြို့နယ်လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါ ကျေးရွာရှိ အိမ်ခြေ ၇၈ အိမ်၊ လူဦးရေ ၂၈၃ ဦးတို့ လျှပ်စစ်ဓာတ်အားများ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**













## အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်နိုင်၏သား မောင်သုံ့ဝဏ္ဏကျော်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်သုန်ဝဏ္ဏကျော်ဖြစ်ပါကြောင်း။ **မောင်သုန်ဝဏ္ဏကျော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်နေ ဦးမိုးလွင်၏သား မောင်လင်းနိုင်ဦး (ခ) မောင်လေးနိုင်ဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်လင်းနိုင်ဦး (ခ) မောင်လေးနိုင်ဦး**
**(၁၃/နခတ(နိုင်)၁၀၉၁၉၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးရွာနေ ဦးဇော်ဇော်ပိုင် + ဒေါ်ခင်မာဦးတို့၏သား မောင်ဟိန်းမင်းထက်(၉/အမရ(နိုင်)၁၅၆၇၃၂)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအ၀၀အားလုံး လုံး၀(လုံး၀) တာ၀န်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးဇော်ဇော်ပိုင်(၉/အမရ(နိုင်)၁၀၁၀၉၆)**
**ဒေါ်ခင်မာဦး(၉/အမရ(နိုင်)၁၄၃၃၆၃)**

## ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာနေ မင်းကြည် (ဘ) ဦးအောင်ကြီး(၉/ပသက(နိုင်)၀၂၂၉၂၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-277457)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402571871**

## အမည်မှန်နှင့် ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အရှေ့မေဃဝန်၊ လက်ပန်ရွာ၊ အမှတ်(၁၄) ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မအိမ့်ချစ်မ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မအိမ့်ချစ်တာရာဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးဇော်မျိုးအောင်ဖြစ်ပါကြောင်း။

**မအိမ့်ချစ်တာရာ၊**
**ဦးဇော်မျိုးအောင်(၅/စကန(နိုင်)၁၇၇၅၆၈)**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း၊ Grade-4 တွင်ပညာသင်ကြားနေသော (ဘ)ဦးချမ်းမြေ့ကို၏သား မောင်ဘုန်းမြတ်ဟိန်းအား မောင်ဘုန်းမြတ်မင်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဘုန်းမြတ်မင်း**

## ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာနေ ယွန်းကလျာ (ဘ) ဦးမင်းကြည်(၉/ပသက(နိုင်)၂၀၂၅၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-904373)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402571871**

## ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာနေ မိုးဟေမာန် (ဘ) ဦးမင်းကြည်(၉/ပသက(နိုင်)၁၇၃၉၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-183031)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402571871**

## ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာနေ စီစီနိုင် (ဘ) ဦးစိန်မင်း(၉/သစန(နိုင်)၁၀၅၂၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-183033)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402571871**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၂၇)၊ Grade-12 တွင် ပညာသင်ကြားနေသော မမျိုးမျိုးလှိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဆီဖိုင်ယွန်ဖြစ်ပါကြောင်း။

**ဦးဆီဖိုင်ယွန်(၁၃/ကခန(နိုင်)၀၃၉၄၃၇)**

## အဖိုးတန်ရေချိုကို ချွေတာပါ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှတ်ပုံတင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

❖ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးကို အထူးအလေးထားဆောင်ရွက်ပေးသွားရန်လို...

❖ ကျန်းမာရေးနှင့်မညီညွတ်သော အသောက်အစား၊ အစားအသောက်နှင့် အသုံးအစွဲများကို လျှော့ချဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်းစီ၊ မိသားစုတစ်စုချင်းစီအတွက် အကျိုးရှိစေနိုင်သည်သာမက နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးရှိစေနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟန်ကျင့်နှင့် တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟန်ကျင့်နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟန်ကျင့်အား ယနေ့ညနေပိုင်းတွင် နန်နင်းမြို့ရှိ လိယွမ်နိုင်ငံတော် ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပြည်သူလူထု၏

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပပြုလုပ်**

စာမျက်နှာ - ၂၀

**အဝေးသင် သင်တန်းများ စာမေးပွဲ ဖြေဆိုမည့်ရက် ကြေညာ**

စာမျက်နှာ - ၂၁

**နောင်ချိုမြို့နယ်တွင် ပဏာမကျန်းမာရေး စောင့်ရှောက်ခြင်း လုပ်ငန်းများ၊ အသက် ၁၅ နှစ်အောက် ကလေးများကို ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများ ပြန်လည်အားဖြည့် ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ - ၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ အထွေထွေရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာ

**၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်**

၁။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်လေ့လာလိုသည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ယနေ့မှစတင်ကာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်ထိ လျှောက်ထားနိုင်ပါသည်။

၂။ လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ်(၆၈/၂၀၂၅)ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ်(၆၉/၂၀၂၅)ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါအမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် https://www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်